မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အောင်မြင်သာစံပြကျေးရွာအတွင်း နေအိမ်များ၊ လမ်းများ စနစ်တကျ အကွက်ချတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကချင်ပြည်နယ် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

မိမိတို့နိုင်ငံသည် ယခုအခါ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီ

နိုင်ငံသားအတတ်ပညာရှင်များဖြင့် စီမံကိန်းများ အောင်မြင်စွာဖော်ဆောင်ရန် ရည်မှန်းကြိုးစား

နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နမ်ပေါင်လေဆိပ်သို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နမ်ပေါင်လေဆိပ်မှ တပ်မတော် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မြစ်ကြီးနားမြို့၏ မြောက်ဘက် ၂၅ မိုင်ခန့်အကွာ မေခ-မလိခမြစ်ဆုံအောက် တန်ဖဲကျေးရွာအနီးရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ အုပ်ချုပ်ရေးဌာန ရှင်းလင်းဆောင်၌ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ကချင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လျှပ်စစ်စီမံကိန်းများ၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရခြင်း ရည်ရွယ်ချက်၊ စီမံကိန်းဖြစ်ပေါ်လာပုံ၊ စီမံကိန်းစတင်ဆောင်ရွက်ခြင်းနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များကို ပဏာမ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

မေခ-မလိခမြစ်ဆုံအောက် တန်ဖဲကျေးရွာအနီးရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းပုံစံကိုတွေ့ရစဉ်။ (သတင်းစဉ်)

25-1 (01).pmd 1 1/25/2011, 2:02 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်)

ရထားလမ်းများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတကာ၌ တိုးတက်လာသော နည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးပြောင်းလဲလာခဲ့သည်။ ၄င်းတို့အနက် ရထားပို့ဆောင်ရေးလုပ်ငန်းသည် ယနေ့အထိ အားထားနေရသော ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ် ဖြစ်သည်။

နိုင်ငံအတွင်း ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး၌ အဓိကအရေးပါနေဆဲဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့မြန်ဆန်ပြီး ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် ရထားလမ်းများကို ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရထားဖြင့်သယ်ယူပို့ဆောင်ခြင်းသည် စရိတ်စကသက်သာပြီး ကုန်ပစ္စည်းများကို များများသယ်ယူနိုင်သည့်လုပ်ငန်းဖြစ်သည်။

ရထားလမ်းများကို ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ဗန်းမော်အထိ၊ ရှမ်းပြည်နယ်တွင် ကျိုင်းတုံအထိ၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်အထိ၊ မင်းဘူးနှင့် အမ်းကိုဖြတ်ပြီး ရခိုင်ပြည်နယ်၌ စစ်တွေအထိ နိုင်ငံအနှံ့ လက်ယှက်ထိုးဖောက်လုပ်ပေးလျက်ရှိသည်။ ယခုအခါ ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ မင်းဘူး-ပွင့်ဖြူရထားလမ်းပိုင်းကို ဇန်နဝါရီ ၂၂ ရက်နေ့က ထပ်မံဖွင့်လှစ်ခဲ့သည်။ ပုသိမ်-ကြံခင်း ရထားလမ်းကို ပခုက္ကူအထိတိုးချဲ့ဖောက်လုပ်ပြီး ပခုက္ကူ-ကလေးရထားလမ်းနှင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် ပုသိမ်-မုံရွာကားလမ်းမကြီး ဖောက်လုပ်ပေးခဲ့သဖြင့် ယင်းလမ်းမကြီးမှ နယ်မြေအသီးသီးကို ကားဖြင့်ဆက်သွယ်သွားလာနိုင်ခဲ့သည်။ ရထားလမ်းအနေဖြင့် ယခင်က ပုသိမ်- ကြံခင်းအထိသာရှိခဲ့သည်။ နောင်တွင် ယောချောင်း-ကျွန်းချောင်းအပိုင်းနှင့် ပွင့်ဖြူ-ဆင်ဖြူကျွန်းအပိုင်းဖောက်လုပ်ပြီးပါက ပုသိမ်မှ ပခုက္ကူအထိ ရထားတောက်လျှောက်ပြေးဆွဲနိုင်မည်ဖြစ်၍ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၏ အဓိကရထားလမ်းမကြီးအဖြစ် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

နိုင်ငံတော်မှ တိုင်းရင်းသားပြည်သူများ ချစ်ကြည်ရင်းနှီးမှုနှင့်လူမှုစီးပွားဘဝ တိုးပွားခိုင်မာလာရေးအတွက် ရထားလမ်းများကို နိုင်ငံအဝန်း ကွန်ရက်သဖွယ် ယှက်နွယ်ဖောက်လုပ်ပေးလျက်ရှိရာ ပြည်သူများက ရထားလမ်းများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပရာ ခရိုင်အဆင့် အင်္ဂလိပ်စာ ထူးချွန် ပထမဆုရ မောင်သက်ပိုင်စိုးဦးအား ကျောင်းအုပ်ဆရာကြီး ဦးစိုးညွန့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

Interior Design & Deco Fair ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

Capital Hypermarket Promotion Area ၌ MY DREAM HOME အမည်ရှိ Interior Design & Deco Fair ကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ထိုပွဲတွင် အဆင့်မြင့်မြင့် Furniture & Bedding များ၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ စောင်များ၊ အိမ်တိုင်ရာရောက်လိုက်လံခင်းကျင်းပေးမည့် ကိုရီးယားပါကေးများ၊ ဆန်းသစ်သော ဒီဇိုင်းများနှင့် တစ်ခုဝယ် တစ်ခုလက်ဆောင်ရမည့် ဘယ်လ်ဂျီယံကော်ဇောများ၊ Jotun တံဆိပ် အိမ်သုတ်ဆေးမျိုးစုံ၊ Kitchen Appliance ပစ္စည်းများ၊ Electric Home Entertainment များ၊ Daily မှလက်ဆေးဆပ်ပြာဆီများ၊ ပန်းကန်ဆေး ဆပ်ပြာဆီများ၊ ကြွေကြေးချွတ်ဆေးများ၊ ကိုရီးယားမှ Air Fresher များ၊ သစ်ခွ၊ ပန်းနှင့် အခြားလှပသော အပင်မျိုးစုံ၊ ရေတံခွန်များကို စုံစုံလင်လင်နှင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ရောင်းချပေးမည့် ဆိုင်များမှာ Pwint Oo Co., Ltd. Scence Co., Ltd. , My Dream, Flower Home ၊ သရဖူပါကေး၊ Carpet World, Jotun, Panasonic , Hitachi , Nibban , Daily၊ ရတနာမိုး၊ Power House နှင့် Metal Wood တို့ဖြစ်ပြီး အထူးလျှော့ဈေးဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗလငါးတန် ပွဲ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကတ္တရာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ဇန်နဝါရီ ၁၅ ရက်ကကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အောင်မြင်သာ စံပြကျေးရွာနှင့် မြစ်ဆုံတံတား ဆောင်ရွက်ပြီးစီးမှု

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်သည် ဇန်နဝါရီ ၁၈ ရက်က မြစ်ကြီးနားမြို့ အောင်မြင်သာ စံပြကျေးရွာ၌ ကျေးရွာလူနေအိမ်အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် လမ်းများဖောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် တိုက်နယ်ဆေးရုံတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်မည့် မြစ်ဆုံတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၌ ပင်မတံတားရေလယ်တိုင် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးခွမြို့နယ်၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်သူ့ဆေးရုံတွင် ဇန်နဝါရီ ၂၂ရက် နံနက် ၈နာရီခွဲက သုံးခွမြို့နယ်အတွင်းရှိ လူနာများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာ အထူးကု ဆရာဝန်ကြီးများအဖွဲ့၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ နီလာစိုးနှင့်အဖွဲ့တို့သည် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့်အဖွဲ့ဝင်များ၊ တောင်ပိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညိုနှင့် အသင်းဝင်များနှင့်အတူ သက်ကြီး ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အဝတ်အထည်များ၊လက်ဆောင်ပစ္စည်းများ၊ အာဟာရထုပ်များ ပေးအပ်လှူဒါန်းခဲ့ပြီး လာရောက်ပြသသည့် လူနာများအား အချိုရည်နှင့် မုန့်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်းသိရှိရသည်။ **(အပေါ်ပုံ)**

ပေးအပ်ခဲ့

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးသည် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော မူကြိုကျောင်းသို့ သွားရောက်၍ မူကြိုကလေးငယ်များအား စာသင်ကြားနေမှုကို ကြည့်ရှုပြီး အာဟာရဒါနနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါဏိဇ္ဇဘွဲ့ရများအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဗိုလ်တထောင်မြို့နယ် လမ်း ၅၀(အောက်) အမှတ် ၃၇/၄၁ အသင်းတိုက်ခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် B. Com, B.Act, B.B.A ဘွဲ့ရများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

25-1 (02).pmd 1 1/25/2011, 2:02 AM

(၅၅)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် (၅၅)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပရာ (ဓါတ်ပုံ) အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီးနောက် ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အထူးအောင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်ချီးမြှင့်

ဆက်လက်၍ တာဝန်ရှိသူများက အထူးအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်များ ဆက်ကပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တံတား အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

ကျောက်တံတား အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျောက်တံတား အထက ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သည့် ကျောင်းသားဟောင်းမဆို တက်ရောက် ပူဇော်ကန်တော့နိုင်ကြောင်းနှင့် ဆရာမ ဒေါ်ကြူကြူ၊ ဆရာမ ဒေါ်လှအေး ဖုန်း-၃၇၆၇၁၀၊ ကိုညိုမင်းလွင် ဖုန်း-၂၄၆၈၃၅၊ ကိုမျိုးသိန်း ဖုန်း-၀၉-၅၀၁၇၄၀၄၊ ကိုနေလင်းဦး ဖုန်း-၀၉-၅၁၇၉၀၆၀၊ ကိုကြီးစိုးအောင် ဖုန်း-၀၉-၅၀၆၆၂၂၂၊ ၇၂၇၈၇၂၊ မခင်မျိုးထွေး ဖုန်း-၃၈၀၀၇၈၊ မစုစုဝင်း ဖုန်း-၀၉-၅၀၃၂၀၀၅၊ ကိုဂျိုးဂျိုး ဖုန်း-၀၉-၈၉၂၂၇၇၄၊ ကိုဖြိုးသန့် ဖုန်း-၇၃၀-၂၉၆၂၆၊ မနှင်းပွင့်ဖြူ ဖုန်း-၂၄၅၂၇၄၊ မဇင်မာဝင်း ဖုန်း-၃၈၇၇၇၂၊ မမာမာမြင့် ဖုန်း-၇၃၀-၉၈၂၄၄၊ ကိုညာဏ်ထူးသာ ဖုန်း-၀၉-၅၀၆၅၂၅၉နှင့် ကိုသန့်ဇင် ဖုန်း-၃၉၄၂၃၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သံတွဲခရိုင် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးသိုင်းစိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှနိုင်အေး၊ မြို့နယ်မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးသန်းဖေ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမိုးဇော်ထွန်းနှင့်အဖွဲ့တို့ ဒီဇင်ဘာ ၇ ရက်က အံတော်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၇၄)၊ ဦးပိုင်အမှတ်(၂၆/၂) တောင်သူ ဦးလှအောင်၏ ကျော်ဇေယျစပါးမျိုး ၂ ဒသမ ၁၇ ဧက၌ မိုးစပါးအထွက်နှုန်း စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်ယန္တရားများ ကြံ့ခိုင်မှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဒီဇင်ဘာ ၂၇ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမင်းမင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာရည်ချွန် ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၂၂) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်းခန်းမ၌ ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးမှူးကိုယ်စား အုပ်စု (၃) ခေါင်းဆောင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ဆုနှင့် ကျောင်းတွင်းဆု ရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ခဲ့ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဒုတိယတန်းတွင် အင်္ဂလိပ်စာထူးချွန်ဆု ရရှိခဲ့သော မောင်ဝေယံထွဋ်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးလွင်က ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (၁၂၉)

စာရင်းကိုင်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

LCCI (UK) မှ Level I & II နှင့် III ဒီပလိုမာရရှိပြီးသူများ၊ စီးပွားရေး တက္ကသိုလ်မှ B.Com,B.Act များအတွက် ပြည်တွင်းတွင်သာမက ပြည်ပ ကုမ္ပဏီများတွင် ယုံကြည်မှုအပြည့်ဖြင့် Professional Accountant , Executive Accountant များအဖြစ် ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိနိုင်မည့် အခွင့်အလမ်းကို Nay Lin Aung Finance & Accountancy Training Centre တွင် Accounting On Job Workshop သင်တန်းများကို ဖွင့်လှစ်နေပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ စနစ်တကျ လုပ်ငန်းခွင်ဝင်နိုင်ရန် လက်တွေ့စာရင်းရေးဆွဲခြင်းကို Module များဖြင့် Manual နှင့် Computer ယှဉ်တွဲအသုံးပြုပြီး ပြည်တွင်းကုမ္ပဏီများတွင် ၁၅ နှစ်ခန့် စာရင်းကိုင်ချုပ်ဖြင့် အတွေ့အကြုံရှိသော ဆရာမကိုယ်တိုင် ကြီးကြပ်၍ လက်တွေ့ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

ချိတ်ဆက်ပေးမည်

သင်တန်းပြီးဆုံးပါက အရည်အချင်းပြည့်မီသော သင်တန်းသားများအား Certificate ပေးအပ်မည်ဖြစ်ပြီး မိမိ၏အရည်အချင်းနှင့် စွမ်းဆောင်ရည်ပေါ်မူတည်၍ သင့်လျော်သော အလုပ်များနှင့် ချိတ်ဆက်ပေးမည် ဖြစ်သည်။

သင်တန်းပို့ချပေး

Nay Lin Aung Finance & Accountancy Training Centre မှ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းတွင်လည်း ဘဏ္ဍာရေးနှင့်စာရင်းကိုင်ခြင်းများအတွက် အကြံညာဏ်ပေးဆွေးနွေးခြင်းများ၊ ဝန်ထမ်းများအား သင်တန်းပို့ချပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် Accounting Software များဖြစ်သော MYOB, ACCAPAC, Quick Book , Peach Tree အသုံးပြု၍ စာရင်းကိုင်ခြင်းများကိုလည်း ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၂၀	၆။	အင်္ဂလိပ်စာသုတ
၄:၂၅	၇။	မျိုးချစ်တပ်မတော်
၄:၃၀	၈။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၃၅	၉။	မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၄:၅၅	၁၀။	အားလုံးရဲ့တာဝန်
၅:၁၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၁၀)
၆:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၅။	သူတို့နှင့်သူတို့အကြိုက်
၆:၃၀	၁၆။	အောင်မြင်ခြင်းလမ်းမ
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၅၀)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	မွေးမြူသုတ
	၂၃။	ဟာသရုပ်စုံ
	၂၄။	သီချင်းလက်ဆောင်
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၄၉)
	၂၇။	**Mini Series**

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ဂျာနယ်၌ GSM ဖုန်းကို ပြည်ပနိုင်ငံများသို့ သယ်ဆောင်အသုံးပြုနိုင်ရန် ခေါ်ဆိုခနှုန်းထား ညှိနှိုင်းနေ၊ ဂျပန်ကားကုမ္ပဏီ ၁၈ ခုနှင့် မြန်မာကုမ္ပဏီများ ကားထုတ်လုပ်ရန်ဆွေးနွေး၊ တောင်ကိုရီးယားကွန်မန်ဒိုများက ပင်လယ်ဓားပြများလက်မှ မြန်မာ ၁၁ ဦးအပါအဝင် သင်္ဘောသားအားလုံးကို ကယ်တင်နိုင်ခဲ့၊ ကမ်းနားလမ်းသစ်နှင့်ဆက်စပ်လမ်း ၁၀လမ်းကို အဆင့်မြှင့်နေ၊ နေပြည်တော် ကားလေလံပွဲ၌ မော်ဒယ်လ်မြင့်ကားများပါ၍ စိတ်ဝင်စားမှုများပြား၊ Asia Wings လေကြောင်းလိုင်းက ပြည်တွင်းခရီးစဉ်များ ယခုလအတွင်း စတင်ပျံသန်းမည်၊ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် မိုဘိုင်းလ်ဖုန်းလိုင်းဆွဲအားမြှင့်သည့် ကိရိယာ ၁၁ ခုတပ်ဆင်မည်၊ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားကို တိုကျိုတက္ကသိုလ်တွင်သင်ကြားရန် လာရောက်လေ့လာ၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်ရပ်နားစခန်းသစ်သုံးခု ပေါ်ထွက်လာမည်၊ မြန်မာနှစ်ဦးပါဝင်သော ရွှေ့ပြောင်းလုပ်သား ၁၃ ဦးအား နှင်းမုန်တိုင်းကြားမှ ခက်ခက်ခဲခဲကယ်တင်နိုင်ခဲ့၊ ဟစ်တလာကပင် မပျက်စီးစေရန် အမိန့်ပေးခဲ့ရသည့် အီတလီမှ သမိုင်းဝင်တံတားကြီးသို့ တစ်ခေါက်၊ ကြယ်တာရာပေါက်ကွဲမှုကြီးကြောင့် ယခုနှစ်အတွင်း ကမ္ဘာပေါ်၌ ညသည်နေ့အသွင်ပြောင်းလဲလင်းထိန်သွားမည်၊ တရုတ်၌ အချင်း ၆၆ ပေရှိ ဇရာမကျင်းကြီး ရုတ်တရက်ဖြစ်ပေါ်၊ ဝိုင်းထဲသို့ အတင်းပြန်ဝင်ခိုင်းခံရသည့် ကြက်ဖက ပိုင်ရှင်၏လည်ချောင်းကို အတက်ဖြင့်ခွပ်ကာ အသေသတ်ခဲ့၊ မျိုးသုဉ်းသွားပြီဖြစ်သော ကမ္ဘာဦးဆင်ကို အေးခဲနေသော DNA မှ ပြန်လည်အသက်သွင်းနိုင်တော့မည်၊ စာတိုက်မှ အမေရိကန်သို့ ပင့်ကူများခိုးသွင်းခဲ့သူ ထောင် နှစ် ၂၀ အပြစ်ပေးခံရမည်၊ အာရပ်ကမ္ဘာ၏ အီမယ်လ်ဒါမားကို့စ်ဟု အမည်ပေးခံရသူ တူနီးရှားသမ္မတကတော် ဆော်ဒီအာရေဗျသို့ ထွက်ပြေးရာ၌ ရွှေတစ်တန်ခွဲယူဆောင်သွားခဲ့…စသည့် စိတ်ဝင်စားဖွယ် သတင်းများဖြင့် ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

ဇော်ဦးခိုင် ရေးသားသည်။

မော်စကိုလေဆိပ်၌ ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ၃၁ ဦးသေဆုံး၊ ၁၃၀ ကျော်ဒဏ်ရာရ

မော်စကို ဇန်နဝါရီ ၂၄

ရုရှားနိုင်ငံ မော်စကိုမြို့ ဒိုမိုဒီဒိုဗိုလေဆိပ်၌ ဇန်နဝါရီ ၂၄ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၃၁ ဦးသေဆုံးပြီး ၁၃၀ ကျော် ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ရုရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပေါက်ကွဲ

ယင်းပေါက်ကွဲမှုသည် မော်စကိုဒေသစံတော်ချိန် ၁၆ နာရီ ၂၂ မိနစ်တွင် နိုင်ငံတကာခရီးသွားများ ဆိုက်ရောက်ခန်းမကြီး၏ ခရီးဆောင်အိတ်များ ရွေးချယ်ရေးဌာန၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီပြောရေးဆိုခွင့်ရှိသူ တက်ယာနား မိုရိုဇိုဗာက ပြောသည်။

ပိတ်ထားရ

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားစဉ် လေဆိပ်မှ မီးခိုးများ လွင့်ပျံလျက်ရှိပြီး လေဆိပ်ဆိုက်ရောက်ရာ ဝင်ပေါက်ကိုလည်း ပိတ်ထားရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

၎င်းပေါက်ကွဲမှုသည် အသေခံဗုံးခွဲတိုက်ခိုက်မှုလည်း ဖြစ်နိုင်ကြောင်း ကနဦးသတင်းများ၌ ဖော်ပြသည်။ ဒဏ်ရာရသူ ၁၃၀ ကျော်တွင် ၂၀ မှာ ဒဏ်ရာပြင်းထန်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှားနိုင်ငံ မော်စကိုမြို့၌ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် ဒိုမိုဒီဒိုဗို လေဆိပ်ကို မြင်တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နယူးဇီလန်မြောက်ပိုင်းရှိ ကမ်းစပ်တွင် ဝေလငါး ၂၄ ကောင်သေဆုံး

ဝယ်လ်လင်တန် ဇန်နဝါရီ ၂၄

နယူးဇီလန်မြောက်ပိုင်းရှိ ကမ်းစပ်တွင် ဝေလငါး ၂၄ ကောင် သေဆုံးလျက်တွေ့ရကြောင်း ဇန်နဝါရီ ၂၃ရက်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ပြောကြား

ဝေလငါးများကို ပါရန်ဂါရန်ဂါဆိပ်ကမ်းတွင် ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းက စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။ အဆိုပါ ဝေလငါးများသည် မီတာ ၁၅၀ အကျယ်ရှိကျောက်ဆောင်များ၊ ရွံ့များနှင့် လမုပင်များကြားတွင် ဇန်နဝါရီ ၂၂ရက်ကတည်းက ရှိနေခဲ့ခြင်းဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ပြောကြားခဲ့သည်။

ထိန်းသိမ်း

ဝေလငါး ၂၄ ကောင်မှာ သေဆုံးနေခဲ့ပြီး အခြားဝေလငါးများသည်လည်း ရေပေါ်တွင် ကောင်းစွာ ကူးခတ်နိုင်တော့ခြင်းမရှိသော်လည်း ယင်းအသက်ရှင်နေသေးသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရေအောက်နှစ်မြုပ်နေသည့်သင်္ဘော ဆယ်ယူစဉ် ပေါက်ကွဲမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

တီဘီလီဆီ ဇန်နဝါရီ ၂၄

ဂျော်ဂျီယာကမ်းလွန်တွင် ရေအောက်၌နှစ်မြုပ်နေသော ယူကရိန်းပိုင် သင်္ဘောပျက်တစ်စင်းကို ဆယ်ယူရန်ကြိုးစားစဉ် ပေါက်ကွဲမှုဖြစ်၍ ရေငုပ်သမားနှစ်ဦး သေဆုံးခဲ့ကြောင်း ဇန်နဝါရီ ၂၃ရက်က ပြည်တွင်းမီဒီယာက သတင်းဖော်ပြသည်။

သေဆုံး

သေဆုံးခဲ့သည့် ရေငုပ်သမားနှစ်ဦးမှာ သင်္ဘောဆယ်ယူရေးလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် တူရကီနိုင်ငံသား အာကန်ကာစတီးနှင့် မူရက်ကာရာအိုလုတို့ဖြစ်ပြီး ၎င်းတို့သည် တူရကီနိုင်ငံ ကူဇီရင် သင်္ဘောကုမ္ပဏီမှ အလုပ်သမားများဖြစ်ကြသည်။

၎င်းသင်္ဘောသည် လွန်ခဲ့သောနှစ်က မုန်တိုင်းမိ၍ ဂျော်ဂျီယာ ပင်လယ်နက်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေး

တူရကီနိုင်ငံ ကူဇီရင်သင်္ဘောကုမ္ပဏီမှ ထိုသင်္ဘောပျက်ကို ပြန်လည်ဆယ်ယူရန် ကြိုးစားစဉ် ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း၊ သင်္ဘောအတွင်း၌ လောင်ကျွမ်းလွယ်သော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များ များပြားလာခဲ့ခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ပဏာမစုံစမ်းစစ်ဆေးမှုအရ သိရသည်။

၎င်းသင်္ဘောသည် ဂျော်ဂျီယာနိုင်ငံ ပင်လယ်နက်တွင် ရေနံတင်ပို့သည့် ကူလီဗီဆိပ်ကမ်းအလွန်၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

မိုးမြင့်လင်းလက် – စုစည်းသည်

ကမ်းပျောက်နေသည့် ရွက်လှေ ကမ်းခြေစောင့်တပ်တွေ့ရှိ

မနီလာ ဇန်နဝါရီ ၂၄

ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်သည် ဇန်နဝါရီ၂၄ရက်က ပင်လယ်ပြင်အတွင်းကမ်းပျောက်၍ ရက်၂၀ နီးပါး ရေစီးကြောင်းအတိုင်း မျောနေသည့် ရွက်လှေတစ်စင်းကို တွေ့ရှိကယ်ဆယ်ခဲ့ကြောင်း၊ ယင်းရွက်လှေပေါ်တွင် အမေရိကန်နိုင်ငံသားငါးဦးပါရှိကြောင်း သိရသည်။

ပို့ဆောင်ပေးခဲ့

ဒီနာဂါတ်ကျွန်းတောင်ဘက် ပင်လယ်အတွင်း အရှည် ၃၈ ပေရှိသည့် နှစ်စင်းတွဲဒွါလောင်းရွက်လှေကို ဖိလစ်ပိုင် ကင်းထောက်လေယာဉ်က တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးသင်္ဘောကို အကြောင်းကြားစေလွှတ်ခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးဝန်ထမ်းများက ကမ်းပျောက်နေသည့် ရွက်လှေကို လိုက်ပါစောင့်ရှောက်မှုပေးပြီး ယင်းတို့၏ မူလခရီးစဉ်ဖြစ်သော ကျူးဘားကျွန်းအလယ်ပိုင်းသို့ ပို့ဆောင်ပေးခဲ့သည်။

ရှာဖွေရေးမလုပ်နိုင်

အဆိုပါရွက်လှေပေါ်တွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးလိုက်ပါလာခဲ့ကြောင်း၊ ယင်းရွက်လှေသည် ကျူးဘားအရှေ့ပိုင်းရှိ အမေရိကန်ပိုင်နယ်မြေမှ ဇန်နဝါရီ ၆ ရက်က စတင်ရွက်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနယ်မြေတွင် လှိုင်းလေထန်ပြီး မိုးကြီးလျက်ရှိသဖြင့် ရွက်လှေမှာ ဦးတည်ရာမဲ့ လွင့်မျောနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နယူးဇီလန်၌ ရေလွှမ်း၊ နေအိမ်အများအပြားရေနစ်မြုပ်

ဝယ်လ်လင်တန် ဇန်နဝါရီ ၂၄

နယူးဇီလန်နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ပြီး နေအိမ်အများအပြား ရေနစ်မြုပ်ခဲ့ကြောင်း ဇန်နဝါရီ ၂၄ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ကယ်ဆယ်

နယူးဇီလန်နိုင်ငံ အော့ကလန်ဒေသနှင့် မြောက်ပိုင်းဒေသများတွင် အဝေးပြေးလမ်းများ ရေလွှမ်းလျက်ရှိပြီး သွားလာရေးပြတ်တောက်လျက်ရှိရာ ဒေသခံများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းသည့်အပြင် လေပြင်းများပါ တိုက်ခတ်နေသဖြင့် သစ်ပင်များပြိုလဲပြီး နေအိမ်အချို့ ပျက်စီးခဲ့ရကြောင်း၊ နေရာပေါင်းများစွာ ရေလွှမ်းလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

အီရတ်မြို့တော်ဘဂ္ဂဒက်ဝန်းကျင် ကားဗုံးများပေါက်ကွဲ၊ ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ဝန်းကျင်တွင် ဇန်နဝါရီ ၂၃ ရက်က ကားဗုံးငါးလုံးဖောက်ခွဲတိုက်ခိုက်မှုများ တစ်နေ့တည်းဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း၊ ထိုကားဗုံးငါးလုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံးလူခြောက်ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများမှာ ၂၉ ဦးထိရှိကြောင်း ဇန်နဝါရီ ၂၄ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ကားဗုံးလေးလုံးမှာ ဘဂ္ဂဒက်မြို့တော်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ကားဗုံးတစ်လုံးမှာ ဘတ်စ်ကားမှတ်တိုင်တစ်ခုအနီး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး တစ်ဦးသေဆုံး၍ ခုနစ်ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဘဂ္ဂဒက်မြို့၏ အချက်အချာ အာဘူနာဝပ်စ်လမ်းမကြီးပေါ်ရှိ ဟိုတယ်တစ်လုံးအနီးတွင် ကားဗုံးသုံးလုံးပေါက်ကွဲမှုဖြစ်ခဲ့ပြန်ရာ သုံးဦးသေဆုံးခဲ့သည်။ သေဆုံးသူသုံးဦးတွင် ရဲအရာရှိတစ်ဦးပါဝင်ပြီး ၁၈ဦးဒဏ်ရာရခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနေ့တစ်နေ့တည်းတွင် အခြားတစ်နေရာ၌ကားဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရခဲ့သည်။ ၎င်းမှာ ဘဂ္ဂဒက်မြောက်ဘက် ၁၂ မိုင်အကွာရှိ တာဂျီမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲဝန်ထမ်းတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ဟိုတယ်/ခရီး ဝန်ကြီးဦးစိုးနိုင် ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး တက်ရောက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးနိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဇန်နဝါရီ ၁၇ရက်နှင့် ၁၈ရက်တို့ကကျင်းပသော အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး၊ အာဆီယံ+၃ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးများနှင့် ၂၀၁၁ ခုနှစ် အာဆီယံ ခရီးသွားလုပ်ငန်းပြပွဲ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့သည်။ (အပေါ်ပုံ)

(၁၄)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးကို ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းက ဖနောင်ပင်မြို့ Peace Palace အဆောက်အအုံ၌ ကျင်းပရာ အစည်းအဝေးတွင် ၂၀၁၀ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးမှုများ၊ အာဆီယံပေါင်းကူးဆက်သွယ်မှု ပင်မစီမံကိန်းဆိုင်ရာများ၊ ၂၀၁၀ခုနှစ်အတွင်း အာဆီယံဒေသအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး ဆောင်ရွက်ချက် တိုးတက်မှုများနှင့် အာဆီယံ ခရီးသွားလုပ်ငန်းဗျူဟာ စီမံကိန်း (၂၀၁၁-၂၀၁၅)တို့ကို ညှိနှိုင်းဆွေးနွေးကြပြီး အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅)ကို အတည်ပြုကြသည်။

ဆွေးနွေးသုံးသပ်

မွန်းလွဲပိုင်းတွင် တတိယအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းမဟာဗျူဟာစီမံကိန်း နှစ်လယ်သုံးသပ်ချက်နှင့် ၂၀၁၁ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အကောင်အထည်ဖော်မည့် မဟာမဲခေါင်ဒေသ၌ ခရီးသွားလုပ်ငန်း လမ်းပြမြေပုံတို့ကို ဆွေးနွေးသုံးသပ်ကြပြီး လုပ်ငန်းစဉ်များကို ညှိနှိုင်းကြသည်။

(၁၀)ကြိမ်မြောက် အာဆီယံ-တရုတ်-ဂျပန်-ကိုရီးယား ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးကို ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းက ကျင်းပရာ အစည်းအဝေးတွင် ၂၀၁၀ ခုနှစ် အောက်တိုဘာတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပခဲ့သော (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ်-ဂျပန်-ကိုရီးယား ထိပ်သီးအစည်းအဝေးမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးမှုများ၊ အာဆီယံနှင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများအကြား ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ချက် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆုံးဖြတ်ကြသည်။

မိန့်ခွန်းပြောကြား

ယင်းနောက် အာဆီယံ-တရုတ်-ဂျပန်-ကိုရီးယားနိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။ ညနေပိုင်းတွင် ၂၀၁၁ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းပြပွဲ (ASEAN Tourism Forum 2011) ဖွင့်ပွဲ အခမ်းအနားကို ဖနောင်ပင်မြို့ Dimond Island Convention & Exhibition Centre ၌ ကျင်းပရာ အခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Samdech Hun Sen က မိန့်ခွန်းပြောကြားကာ ပြပွဲကို ဖွင့်လှစ်ပေးသည်။ အဆိုပါ ၂၀၁၁ ခုနှစ် အာဆီယံ ခရီးသွားလုပ်ငန်း ပြပွဲကို ဇန်နဝါရီ ၁၉ရက်မှ ၂၁ရက်အထိ ကျင်းပခဲ့သည်။

(သတင်းစဉ်)

ကန္တီမြို့နယ်၌ မြို့ဟောင်းလမ်းခင်း

ကန္တီ ဇန်နဝါရီ ၂၄

ကန္တီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်း ဖြစ်သော မြို့ဟောင်းလမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင့်လွင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

အမက(၉) မြောက်ဥက္ကလာပ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါကျောင်း ဇရာမြေခန်းမ၌ ကျင်းပရာ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးလှဟန်နှင့် ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိန်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးမြင့်စိန်၊ အတွင်းရေးမှူး ဒေါ်တင်တင်ဝင်း၊ စာရင်းစစ်ဒေါ်ရီရီဝေတို့ ဦးဆောင်မည့် အဖွဲ့ဝင် ၁၀ဦးပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ ထို့နောက် ကျောင်းငွေပဒေသာပင် စိုက်ထူ လှူဒါန်းကြပြီး လက်ထောက်မြို့နယ်ပညာရေးမှူးက တတိယတန်း(က)မှ ပထမဆုရ မဝင့်သဉ္ဇာကျော် **(အောက်ပုံ)**၊ ကျောင်းအုပ်ဆရာကြီးက သူငယ်တန်း (က)မှ ပထမဆုရ မယွန်းယမုံခင်၊ တက်ရောက်လာကြသော ကျောင်းအုပ်ဆရာမကြီးများနှင့် အမှုဆောင်များက အခြားထူးချွန်ကျောင်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(ပညာရေး)

ပညာရေးစုံညီပွဲတော် ကလောမြို့နယ်၌ ကျင်းပ

ကလော ဇန်နဝါရီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက တေဇခန်းမ၌ကျင်းပရာ အစီအစဉ်အရ မြို့နယ်ပညာရေးမှူး ဒေါ်သန်းအေး၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌဦးစိန်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမမျိုးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး **(ဝဲပုံ)**နှင့် တာဝန်ရှိသူတို့က မြို့နယ်၊ ပြည်နယ်၊ ဗဟိုအဆင့်ပညာရေး၊ အားကစား၊ ပန်းချီပြိုင်ပွဲများနှင့် အတန်းလိုက် ဘာသာရပ်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(ဝ၂၄)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေတားနှင့် ရေစစ်ကန်ကြား အုတ်ရေမြောင်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂ရက်က အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပင်းတယမြို့လယ် ပုန်းတလုတ်ရေကန် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်မရောမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းဖြစ်သော လက်ပန်ကျေးရွာအဝင်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအေးဆွေ ဇန်နဝါရီ ၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့ မင်းရဲကျော်စွာကတ္တရာလမ်း တိုးချဲ့လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးနှင့် ခရိုင် ဥက္ကဋ္ဌ ဦးတင်မောင်စိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ထန်းပေါက်ကုန်းကျေးရွာ စက်ရေတွင်းတူးဖော်နေမှုကို ဇန်နဝါရီ ၇ရက်က အင်ဂျင်နီယာမှူး ဦးသောင်းလွင်ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

❍ *ကျောဖုံးမှ*

ရင်ခုန်သံချင်းထပ်တူ

၂၀၀၉ခုနှစ်ရဲ့ အကယ်ဒမီညချမ်းမြင်ကွင်း ပုံရိပ်တွေကို ခံစား

အနုပညာရင်ခုန်သံတွေနဲ့အတူ အသက်အရွယ်နဲ့မမျှ နုပျိုလန်းဆန်းနေတဲ့ အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်းကိုလည်း အကယ်ဒမီညချမ်းမှာ ခုလိုတွေ့ရပါတယ်။

ကြည့်တဲ့အခါ သက်ကြီး၊ သက်လတ်၊ သက်ငယ်ရယ်လို့ အသက်အရွယ်အပေါ် အခြေခံလို့ ခွဲခြားတွေ့ခဲ့ရပေမယ့် ရုပ်ရှင်အနုပညာနဲ့ ပတ်သက်လာရင် ခံစားမှုအားလုံးဟာ အရွယ် တစ်ရွယ်တည်းလို့ ထင်ရလောက်အောင် တစ်ထပ်တည်း ကျနေခဲ့တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အနုပညာရှင်တွေဟာ အသက်အရွယ် ဘယ်လောက်ပဲရှိရှိ အကယ်ဒမီဆိုတာနဲ့ ရင်ခုန်သံချင်း ထပ်တူကျနေတာ တွေ့ရလို့ပါပဲ။

အကယ်ဒမီညချမ်းမှာ အနုပညာငွေကြယ်ပွင့်တို့ ပုံရိပ်လွှာကို ကြည့်ရင် အရွယ်အစား အနေအထား ပုံရိပ်သုံးမျိုးကို တွေ့ရမှာ ဖြစ်ပါတယ်။

အမျိုးသမီးဇာတ်ပို့ အကယ်ဒမီဆုရှင် စိုးပြည့်သဇင်ဟု ကြေညာလိုက်ပြီးတဲ့နောက် အနုပညာမောင်နှမများက ဩဘာသံ ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြပါတယ်။

လူငယ်သရုပ်ဆောင်

ပထမဆုံးပုံရိပ်တွေကတော့ အနုပညာလောကမှာ ပွင့်လန်းစ လူငယ်သရုပ်ဆောင်တွေပဲ ဖြစ်ပါတယ်။ သူတို့တွေဟာ ကိုယ်တိုင်အကယ်ဒမီ မျှော်လင့်ချက်မရှိပေမယ့် အကယ်ဒမီရရှိကြမယ့် အနုပညာညီအစ်ကို မောင်

ဝါရင့်အနုပညာရှင် အကယ်ဒမီ ခင်သန်းနုကလည်း အကယ်ဒမီ ရင်ခုန်သံကို မျှဝေခံစားဖို့ တက်ရောက်လာတာ တွေ့ရပါတယ်။

နှမတွေကို တက်တက်ကြွကြွနဲ့အားပေးဂုဏ်ပြုဖို့ ရောက်ရှိခဲ့တာပါပဲ။

မျှဝေခံစား

အချိန်၊ ငွေကုန်ကြေးကျမှုတွေရှိပေမယ့် အနုပညာခရီးလမ်းမှာ ပရိသတ်တွေနဲ့အတူ၊ အနုပညာညီအစ်ကိုမောင်နှမတွေနဲ့အတူ အကယ်ဒမီရသတွေကို မျှဝေခံစားဖို့ ရောက်ရှိလာကြတာ ဖြစ်ပါတယ်။ ဒီလိုလူငယ်သရုပ်ဆောင်တွေထဲမှာ ဟိန်းဝေယံ၊ ရဲတိုက်၊ မိုးယုစံတို့ပါဝင်ပြီး သူတို့နဲ့တွေ့ဆုံလို့ ရင်ထဲကစကားသံတွေကို တီးခေါက်ကြည့်တဲ့အခါ အဲဒီလိုရင်တွင်းစကားတွေ နားဆင်ခဲ့ရလို့ပါပဲ။ အဲဒီလိုပဲ အကယ်ဒမီစင်မြင့်ထက်မှာ ဗန်းကိုင်ခွင့်ရရှိကြတဲ့၊ အနုပညာလောကကို ခြေချဖို့ဟန်ပြင်နေတဲ့ မျိုးဆက်သစ်တွေဟာလည်း သူတို့ရဲ့တာဝန်ကို အနုပညာဟန်ရေးယှက်လို့ အကယ်ဒမီပွဲမှာ ပါဝင်အားဖြည့်ပေးခဲ့ကြတဲ့ ပုံရိပ်ကိုလည်း သတိပြုမိခဲ့ပြန်ပါတယ်။ ဒီလိုအခြေအနေမျိုးကနေပြီး အနုပညာနယ်ပယ်မှာ အောင်မြင်မှုရရှိခဲ့တဲ့သူတွေလည်း အများကြီးပေါ်ထွက်ခဲ့တာပါပဲ။

ဒုတိယပုံရိပ်ကတော့ အကယ်ဒမီဆွတ်ခူးကြတဲ့ အနုပညာငွေကြယ်ပွင့်လူလတ်ပိုင်းတို့ရဲ့ ပုံရိပ်နဲ့ ဒီနှစ်မှာ ကိုယ့်အတွက် အကယ်ဒမီမဟုတ်ပေမယ့် အားတက်စွာ ဂုဏ်ပြုဖို့ တက်ရောက်လာတဲ့ အနုပညာရှင်တွေပါပဲ။ ကိုယ့်အတွက် မဟုတ်မှန်း သေချာပေမယ့် ဘဝတူအနုပညာညီအစ်ကိုမောင်နှမတွေရဲ့ အကယ်ဒမီအောင်မြင်မှုကို ထပ်တူမျှဝေခံစားရင်း လှိုက်လှိုက်လှဲလှဲပွဲ့ဖက်ဂုဏ်ပြုလိုစိတ်နဲ့ အကယ်ဒမီညချမ်းကို ဖြတ်သန်းချင်လို့ ဖြစ်ပါတယ်။ အကယ်ဒမီဆိုတာ ဆွတ်ခူးရရှိသူရော မြင်တွေ့ခံစားရသူတွေအတွက်ပါ စူးနစ်လှိုက်မောစွာနဲ့ ပီတိဖြာရတာမျိုးဖြစ်ပါတယ်။ ပြေတီဦး၊ လူမင်း၊ ရန်အောင်တို့မှသည် အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ စိုးမြတ်သူဇာတို့အထိ အကယ်ဒမီ ရင်ခုန်သံ နရီစည်းချက်တွေ ကိုက်ညီနေကြမှာပါပဲ။ သူတို့တွေဟာ လူလတ်ပိုင်း အနုပညာရှင်တွေလို့ ဆိုနိုင်ပါတယ်။

ပီတိဖြာဝေ

တတိယပုံရိပ်ကတော့ အနုပညာ သက်တမ်းရင့်လာတဲ့၊ အနုပညာ အတွေ့အကြုံများလာတဲ့ ရုပ်ရှင်သရုပ်ဆောင်ကြီးတွေရဲ့ ပုံရိပ်ပဲဖြစ်ပါတယ်။ မျိုးဆက်သစ် အနုပညာရှင်တွေကို နေရာဖယ်ပေးပြီး ကိုယ့်လိုကြိုးစားမှုတွေနဲ့အတူ အောင်မြင်မှုတွေ ရရှိနေတဲ့ လူငယ်အနုပညာရှင်တွေ၊ အကယ်ဒမီ ဆွတ်ခူးရရှိကြတဲ့သူတွေကို အနုပညာခံစားမှုနဲ့ ဂုဏ်ပြုချီးမြှင့်ပေးလိုကြတာမို့ အကယ်ဒမီ အခမ်းအနားကို တက်ရောက်လာခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်ဝါဝါဝင်းရွှေ၊ ဒေါ်ခင်သန်းနု၊ ဒေါ်ဒေစီကျော်ဝင်း၊ ဒေါ်နွဲ့နွဲ့စန်းတို့ရဲ့ အကယ်ဒမီညချမ်း အပြုံးတွေဟာ တကယ့်ကို နှစ်လိုဖွယ်ရှိနေဆဲ၊ နုပျိုလန်းဆန်းနေဆဲ၊ ကြည်နူးပီတိဖြာဝေနေဆဲ ပုံရိပ်တွေ ပါပဲ။ အနုပညာလောက တိုးတက် ဖို့၊ လင်းလက်တောက်ပလာမယ့် အနုပညာငွေကြယ်ပွင့်တို့အပေါ် အားပေးကူညီဖို့၊ လက်တွဲခေါ်ယူဂုဏ်ပြုဖို့ အမြဲအသင့်ရှိနေကြတဲ့ သူတွေပါပဲ။

ဒီလို အကယ်ဒမီ ညချမ်းရဲ့ ကြည်နူးဖွယ်ရာ အနုပညာပေါင်းစည်းမှုပုံရိပ်တွေဟာ နိုင်ငံတော်က အားပေး ချီးမြှောက်မှုနဲ့အတူ လာမယ့် နှစ်ပေါင်းများစွာတိုင် ပွင့်လန်းစည်ဝေနေမှာ အမှန်ပါပဲ။

အကယ်ဒမီညချမ်း

အသက်အရွယ်က အဓိကမဟုတ်ဘဲ တူညီတဲ့အကယ်ဒမီ ရင်ခုန်သံတွေနဲ့အတူ လှပတဲ့ အကယ်ဒမီညချမ်းတွေကို အကြိမ်ကြိမ် ဖြတ်သန်းနေကြရဦးမှာပါပဲ။ ။

(မြန်မာ့အလင်း)

မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကို မင်္ဂလာဒုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပရာ နှစ်နှစ်မှ သုံးနှစ်အတွင်း ဆုရရှိသူကလေးငယ်အား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီမော် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်သော တိုင်းရင်းသားတို့၏ မျက်နှာဖုံးဓာတ်ပုံနှင့်အတူ သိပ္ပံစိုးမြင့်နိုင်၊ မန်းတင့်မော်တို့၏ ကဗျာများ၊ တင်အောင်နီ၊ မြေဇာ၊ လွမ်းမောင်(သုဝဏ္ဏ)၊ အကိန်း၊ ကိုငယ်၊ ဖေစန်းတို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက် ကာတွန်းများ၊ ဒေါက်တာသန့်စင်နှင့် ကိုချစ်စရာတို့၏ ဆောင်းပါးများ၊ ဦးစော၏ ပုံပြင်ရှည်၊ Waddi Oo ၏ English For Tayza ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးတို့၏ အတွေး၊ ကလေးတို့၏ အရေး ကဗျာတိုလေးများ၊ ယဉ်မင်း၏ ဆေးရောင်လှလှခြယ်ကြရအောင် ကဏ္ဍလေးများကို အားပါးတရဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲဆုရစာရင်းနှင့် ပထမဆုရကျောင်းသူကလေး မခင်မြတ်ဝတ်ရည်ဦး၏ ဆုရစာစီစာကုံးပါရှိသည်။ တေဇရုပ်စုံစာစောင်ကို အမှတ်(၁၈၁) ၃၂လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃ တို့ထံသို့ မှာကြားဝယ်ယူ ဖတ်ရှုနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်

ရေနံချောင်း ဇန်နဝါရီ ၂၄

ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စု ပေတောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉နာရီခွဲက ကျင်းပရာ ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့်၊ ကျောင်းဆောင် အလှူရှင် ဒေါ်ဝင်းမော်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (နေပြည်တော်ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပေတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးဝိုင်းက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ကုသိုလ်ဖြစ်အောင်နေ** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၄၄)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၁)
၈:၄၀	မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်လှုပ်ရှားမှုများ
၉:၁၅	Activities in the City တိ-မွေး-ကု တက္ကသိုလ် (ရန်ကုန်-ရေဆင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
၉:၂၀	လမ်းကလေးပေါ်မှာ စည်းချက်ညီညီမောင်းကြစို့
၉:၃၅	Cartoon Show Time (ALPHA AND OMEGA)
၁၀:၁၅	Activities in the City (SILKPRO SHAMPOO & SILKBATH မိတ်ဆက်ပွဲ အခမ်းအနားနှင့် အထူးဈေးရောင်းပွဲတော်)
၁၀:၃၀	Celebirty Style (မယ်လိုဒီ)
၁၁:၀၀	International Show Biz
၁၁:၂၅	သင်ကြားရေးလမ်းညွှန် (M.C.T.S Myanmar Computer Training School)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀	လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် မြကန်သာမိသားစု၏စာရေးတံမဲပွဲနှင့်နိဗ္ဗာန်ဈေးပွဲတော်
၁၂:၂၅	ရန်ကုန်မြင်ကွင်းကျယ် (Nay Brothers Group of Companies ၏ နှစ်ပတ်လည်ဂုဏ်ပြုညစာစားပွဲ)
၁၂:၄၀	သဒ္ဓါကြည်ဖြူကုသိုလ်ယူ ကျိုက်ထိုမဟာစည်ကျောင်းအလှူ
၁:၀၀	**ကုသိုလ်ဖြစ်အောင်နေ** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	နဝမအကြိမ်မြောက်မြန်မာ ICT ရက်သတ္တပတ်ပွဲတော် 2011
၃:၀၀	ပုသိမ်မြို့မှခေါင်းလောင်းသံ
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၄၄)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၁)
၄:၄၅	အလှအပနှင့်ဘဝအောင်မြင်မှု (အပိုင်း-၁) (ပါမောက္ခဒေါက်တာချစ်စိုး၊ ဦးကိုကိုထွေး၊ ပန်းချီဝင်းဖေမြင့်၊ တင်မိုးလွင်)
၅:၀၀	The Champion of Dance
၅:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	လပြည့်ဝန်းသို့…တမ်းချင်းည
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၄၅)
၇:၁၅	Celebrity Choice (မိုးအောင်ရင်)
၇:၄၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖုန်းအလှဆင်ခြင်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	အနုပညာမိုးကောင်းကင်
၈:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၂)
၁၀:၁၀	ဖန်တီးသူနှင့်အနုပညာ ချမ်းချမ်း (အပိုင်း-၁)
၁၀:၄၅	ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနှင့်သူ့လက်ရာ
၁၁:၁၀	စာအုပ်ပြခန်း (Teenager Magazine တာဝန်ခံ အယ်ဒီတာလင်းသက်ခိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း)
၁၁:၂၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကဏ္ဍ)
၁၁:၃၅	World of Knowledge (Mega Fish)
၁၂:၂၅	ဂီတစာဆိုဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ(အပိုင်း-၁)
၁၂:၅၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
၁:၂၀	စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Baking Training Centre မှာ…
၁:၄၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog City)
၁:၅၅	Say it in English
၂:၁၀	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁)
၂:၄၀	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၂:၅၀	နည်းပညာအစွမ်းထက် Solar Hut
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
၄:၂၀	ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
၄:၅၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၅၄	Blackpool-Man U	ESPN (Live)
၂:၀၀	Wigan-Aston Villa	STAR SPORTS (Live)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဆောင်ကြဲအုပ်စု ပန်မြိုင်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်ကို ဇန်နဝါရီ ၁၀ရက်က စီမံကိန်းမန်နေဂျာ ဦးတင်လေး၊ ကျေးရွာဥက္ကဋ္ဌ ဦးလှရွှေနှင့် ကျောင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းစွမ်းခေးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၂၀)

မဟာအောင်မြေမြို့နယ် ကတ္တရာလမ်းသစ်ဖွင့်

တိုင်းမှူး ပိုလ်မှူးချုပ်ရဲအောင် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဇန်နဝါရီ ၂၄

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၆လမ်း(၈၅လမ်းနှင့်၈၆လမ်းကြား)၊ ၃၇ လမ်း(၈၅လမ်းနှင့်၈၆လမ်းကြား)၊ ရတနာလမ်းသွယ် (၃၅လမ်းနှင့်၃၇လမ်းကြား၊၈၅လမ်းနှင့် ၈၆လမ်းကြား) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းက အဆိုပါလမ်းသစ်မုခ်ဦးထိပ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ရဲအောင်၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် လမ်းသစ်နှင့်စပ်လျဉ်းသည့် မှတ်တမ်းဓာတ်ပုံများနှင့် လမ်းသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် လင်းခေး၌ မင်္ဂလာတိုင်စိုက်ထူ

လင်းခေး ဇန်နဝါရီ ၂၄

လင်းခေးမြို့နယ် ဝမ်တိန်း ကျေးရွာအုပ်စု တန်လွိုင်ကျေးရွာ မိုးယံစာကြည့်တိုက် အဆောက်အအုံသစ် မင်္ဂလာတိုင် စိုက်ထူပွဲကို ဇန်နဝါရီ ၂၀ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်မြေနေရာ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် အဆိုပါစာကြည့်တိုက်မင်္ဂလာတိုင်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၊ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလုံးသိန်းအဖွဲ့တို့မှစိုက်ထူပေးခဲ့ကြပြီး တာဝန်ရှိသူများက မင်္ဂလာတိုင်ကိုအမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။ **(အောက်ပုံ)** ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေက နိုင်ငံတော်မှ မတည်ပေးသော ငွေကျပ် ၁၀သိန်းကို ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလုံးသိန်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှ၏ အသက်(၇၄)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်ကုသိုလ်အဖြစ် သမာဓိမိသားစုက တောင်ငူမြို့ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးမြင့်ညို (အမေ့အိမ်)က အလှူရှင်မိသားစုသို့ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၀၅၂)

ဥပဒေရေးရာအလုပ်ရုံဆွေးနွေးပွဲ မကွေး၌ ကျင်းပ

မကွေး ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ဥပဒေရုံးမှ ကြီးမှူးကျင်းပသော ဥပဒေအရာရှိများ၏ ဥပဒေရေးရာအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀နာရီက မကွေးတိုင်းဒေသကြီး ဥပဒေရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်ဖြူတင့်က အမှာစကား ပြောကြားသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး တရားရုံး၊ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မကွေးတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနနှင့် မကွေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခတို့က တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများမှ ဥပဒေရေးရာ၊ တရားစီရင်ရေးရာ၊ စီမံခန့်ခွဲရေးရာနှင့် စပ်လျဉ်းသော စာတမ်း ၁၃စောင်ကို တင်ပြဆွေးနွေးကြပြီး ခရိုင်ဥပဒေ အရာရှိများနှင့် မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၄)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ဆိုမာလီပင်လယ်ဓားပြ ပြန်ပေးဆွဲခံရသော မြန်မာသင်္ဘောသား ၁၁ဦး လွတ်မြောက်လာ၊ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများရုပ်သိမ်းရန် အနောက်နိုင်ငံများအား အာဆီယံတောင်းဆို၊ ထိုင်းနိုင်ငံက ဘတ်ဘီလျံ ၁၀၀ ရင်းနှီးမြှုပ်နှံမည့် စတီးလ်စက်မှုဇုန်ကြီးတစ်ခု ပေါ်ပေါက်လာဖွယ်ရှိ၊ မြန်မာ-အိန္ဒိယ-တရုတ်ကုန်သွယ်မှုမြင့်တင်ရေးတွင် စတီးဝဲလ်လမ်းမကြီးက သယ်ယူပို့ဆောင်စရိတ် ရာခိုင်နှုန်း ၃၀ သက်သာစေမည်၊ ရန်ကုန်-ဆိုင်ယမ်ရိတ်ကိုက်ရိုက်လေကြောင်းပျံသန်းမှုသည် အာဆီယံလွတ်လပ်သော ကောင်းကင်စီမံကိန်း၌ အဓိကကျ၊ မြန်မာအပါအဝင် လေးနိုင်ငံမှ နိုင်ငံခြားလုပ်သားများ ခန့်အပ်အသုံးပြုမှုဆိုင်ရာ စည်းမျဉ်းသစ် မလေးရှားအစိုးရထုတ်ပြန်၊ နေပြည်တော်ရှိ ဆာဖာရီဥယျာဉ်တွင် အာဖရိက၊ အာရှနှင့်ဩစတြေးလျပြကွက်သုံးမျိုးဖြင့် ရှားပါးတိရစ္ဆာန်များ စုံစုံလင်လင် ပြသမည်၊ ဘဏ်အပေါ် ပြည်သူယုံကြည်မှုတိုးလာသည်နှင့်အမျှ ဘဏ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စသည့် မျက်နှာဖုံးသတင်းများနှင့် မောင်စူးစမ်း၊ မောင်သိန်းညွှန့် (ကော့ကရိတ်)၊ ပြည်စိုးတို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် မြန်မာအပါအဝင် အာဆီယံဒေသအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၌ ASEAN+3 ကူညီမည်၊ ဘိုင်အိုဒီဇယ်ထုတ်လုပ်ရေးလုပ်ငန်း၌ မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်စင်ကာပူစီစဉ်၊ တောင်ကိုရီးယားနိုင်ငံမှ တိုးမြှင့်ဝယ်ယူသည့်အတွက် မြန်မာ့အထည်ချုပ်လုပ်ငန်းများ ပြန်လည်ဦးမော့လာ၊ KOICA နှင့် GNI တို့ နာဂစ်ဒေသအတွက် အမေရိကန်ဒေါ်လာ ၁၉၀၀၀၀ လှူဒါန်းခဲ့၊ ဂျပန်ကကားထုတ်လုပ်ရေးနည်းပညာ ကူညီပံ့ပိုးဖို့ ကားများတင်သွင်းလို၊ ပြည်တွင်းအီလက်ထရွန်နစ်ဈေးကွက်အတွင်း အာမခံကတ်အတုများဖြင့် ရောင်းချခြင်းများရှိနေသည်ဟုဆို၊ တရားမဝင်သီချင်းကူးဆိုင်များ အရေးယူတော့မည်၊ ရမ္မာကားများ ငွေကျပ်သိန်း ၈၀အထိ ဈေးလျှော့ရောင်းပေးမည် စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် ထွက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စံပြဆေးဝါးကုမ္ပဏီမှ ပြခန်းဖွင့်လှစ်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဆောက်အအုံ၌ ဇန်နဝါရီ ၁၉ရက်မှ ၂၅ရက်အထိ ကျင်းပလျက်ရှိပြီး ဆေးကုမ္ပဏီများမှ ပြခန်းပေါင်း ၁၀၂ခန်း ဖွင့်လှစ်ပြသလျက်ရှိရာ Model Pharma (စံပြဆေးဝါးကုမ္ပဏီ)လည်း ပါဝင်ပြသလျက်ရှိသည်။

အကြိုက်တွေ့

အဆိုပါပြခန်းတွင် ဆီးချို၊ သွေးချိုဝေဒနာရှင်များ အနာကျက်ရာတွင် အသုံးပြုရသောဆေးရည် Hyiodine၊ ရွှေသားအစစ်ဖြင့်ပြုလုပ်ထားသော Test Strip ဖြင့် တိုင်းတာရကာ သွေးပမာဏအနည်းငယ်သာလိုအပ်လျက် ငါးစက္ကန့်အတွင်း အဖြေမှန်ကို ဓာတ်ခွဲခန်းသုံး စက်ကြီးများ၏ အဖြေနှင့် တစ်ထပ်တည်းတူညီအောင် အနိမ့်ဆုံး 20mg/dl မှ အမြင့်ဆုံး 900mg/dl ထိ တိုင်းတာစစ်ဆေးနိုင်သော ဆီးချို၊ သွေးချိုတိုင်းတာစက် Gluco Dr၊ တိကျမှန်ကန်သော သွေးပေါင်ချိန်ကို တိုင်းတာရရှိနိုင်သည့် BP Dr တို့မှာ ဈေးနှုန်းချိုသာပြီး အသုံးပြုရလွယ်ကူသဖြင့် အကြိုက်တွေ့လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဝဲရောဂါကုသရာတွင် ဝဲပိုးကောင်သာမက ဝဲပိုးဥကိုပါ သေစေနိုင်သည့် Lorix နိုင်ငံခြားဖြစ်ဝဲလိမ်းဆေး၊ ကလေးများ အတက်ရောဂါနှင့် အရက်ဖြတ်သူများတွင် အသုံးပြုနိုင်သည့် Diazepam 10 mg ပါဝင်သော Easium Suppository ဆေးများ၊ HIV,HBsAg နှင့် HCV ရောဂါရှိ မရှိ စစ်ဆေးနိုင်သော Test Kit များ သုံးမျိုးပေါင်းလျက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် သားသမီးရရန် ခက်ခဲနေသော အိမ်ထောင်ရှင်များအတွက် သန္ဓေအောင်နိုင်ရန် အသင့်ဖြစ်မည့်အချိန်ကို တွက်ချက်တိုင်းတာနိုင်သော Before/LH Test Strip ကို အထူးစိတ်ပါဝင်စားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အုတ်ဖိုတန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်မြင့်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘက်ထရီရှော့ရိုက်၍ ငါးဖမ်းဆီးသူများ ဖျာပုံ၌အရေးယူ

ဖျာပုံ ဇန်နဝါရီ ၂၄

ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း ဘက်ထရီရှော့ရိုက်၍ ငါးဖမ်းဆီးသူများဖြစ်ကြသည့် ဖျာပုံမြို့နယ် အပြောင်ရွာသစ်ပိုင်းနေ ဝေယံအောင်နှင့် ကျိုက္ကဘာကျေးရွာနေ ရှိုင်းလင်းထက်တို့အား ၁၉၉၁ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅အရ ဇန်နဝါရီ ၁၆ရက်က ဖျာပုံရဲစခန်းမှ ဖျာပုံမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း သိရှိရသည်။

အရေးယူ

ဖြစ်ပွားပုံမှာ ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးမှ ငါးဖမ်းကိရိယာကြီးကြပ်စစ်ဆေးရေးအဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ် ဖျာပုံမြို့နယ်အပြောင်ရွာသစ်ပိုင်းနေ ဝေယံအောင်သည် ကျီးနှစ်ပင်ကျေးရွာအုပ်စု ကျုံဝါးကျေးရွာ ၂၅ပေရိုးအတွင်း၌လည်းကောင်း၊ ကျိုက္ကဘာရွာနေ ရှိုင်းလင်းထက်သည် ကျိုက္ကဘာကျေးရွာအဝင် ၂၅ပေရိုးအတွင်း၌လည်းကောင်း ဘက်ထရီရှော့ရိုက်၍ ငါးဖမ်းနေသည်များကို တွေ့ရ၍ သက်သေခံပစ္စည်းများနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာနက ရှာဖွေပုံစံဖြင့် ဖမ်းဆီးသိမ်းဆည်းကာ သက်ဆိုင်ရာက အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ

✻ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ယင်းနောက် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံနှင့် ဆက်နွယ်ရေအားလျှပ်စစ် အဆောက်အအုံများ တည်ဆောက်မည့်နေရာရွေးချယ်ထားမှု၊ အဆင့်သုံးဆင့်ဖြင့် မြစ်ရေလွှဲမည့်အစီအစဉ်နှင့် ကာလလျာထားသတ်မှတ်ချက်များ၊ ရေပိုလွှဲနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်အခြေအနေ၊ နိုင်ငံတကာ၌ တည်ဆောက်ထားသော ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံများ၏ အမြင့်နှင့် စက်တပ်ဆင်အား နှိုင်းယှဉ်လေ့လာချက်၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဇရာဝတီမြစ်ကူးတံတားတည်ဆောက်မည့် အခြေအနေနှင့် ရေဝပ်ဧရိယာမှ ကျေးရွာများကို အောင်မြင်သာစံပြကျေးရွာသို့ စနစ်တကျ ပြောင်းရွှေ့နေရာချထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ China Power Investment Corporation, Vice President Madam Zhang Xiaolu က မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းကို အဆင့်မြင့်နည်းပညာများ အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်မှု

ထို့နောက် China Power Investment Corporation, General Manager Mr. Li Guanghua က ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ချီဖွေရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေ၊ မြစ်ဆုံ-ဗန်းမော်-ရန်ကုန် ရေလမ်းကြောင်းခရီးဖြင့် သယ်ယူပို့ဆောင်မည့် အခြေအနေ၊ ငလျင်တိုင်းတာရေးစက်များ တည်ဆောက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေနှင့် ရေဝပ်ဧရိယာမှ ကျေးရွာများ ပြန်လည်နေရာချထားရာ၌ ပံ့ပိုးကူညီပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစိတ် သိရှိလိုသည်များကိုမေးမြန်းရာ ဝန်ကြီး ဦးဇော်မင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထိထိရောက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးမှာကြားရာ၌ ဤမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသာမက ကချင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများအားလုံးတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်သည့် တစ်ချိန်တည်းမှာပင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ထိထိရောက်ရောက် စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စီမံကိန်းလုပ်ငန်းများ စတင်အခြေခံတည်ဆောက်သည့် ကာလမှ စတင်၍ လုပ်ငန်းကဏ္ဍအသီးသီးကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မိုးမောက်မြို့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘာသာရေးအဆောက်အအုံ စသည်တို့ကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်ပေးထားသည့်အပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ ရေရှည်အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက် ဂရုတစိုက် စဉ်းစားဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း၊ ဤဒေသသည် နှစ်ရှည်သီးနှံ ဥပမာ-ကျွန်း၊ ရော်ဘာ၊ လိမ္မော်၊ သရက်၊ ဂရိတ်ဖရုကဲ့သို့သော နှစ်ရှည်ပင်များ စိုက်ပျိုးဖြစ်ထွန်းနိုင်သောဒေသဖြစ်၍ သားစဉ်မြေးဆက် စားဝတ်နေရေး ဖူလုံနိုင်သည်အထိ မိမိတို့က အခြေအနေကောင်းများ ဖန်တီးပေးခဲ့ရမည်ဖြစ်ကြောင်း။

ယခုစီမံကိန်းဧရိယာအတွင်းရှိ ဒေသခံ တိုင်းရင်းသားများအနေဖြင့် ယခင်က ဖြစ်သလိုနေထိုင်ကြရသည့်ဘဝမှ ယခုအခါ အုတ်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ခြံစည်းရိုး၊ ကွန်ကရစ်လမ်း၊ ရေ၊ မီး အပြည့်အစုံဖြင့် တင့်တောင့်တင့်တယ် နေထိုင်နိုင်သည့်ဘဝသို့ ပြောင်းလဲနေထိုင်ကြရပြီ ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

ထို့ကြောင့် ဒေသခံပြည်သူများက စီမံကိန်းကြီး၏ ကောင်းကျိုးသက်ရောက်မှုများအပေါ် ပိုမိုယုံကြည်အားထားလာကြသကဲ့သို့ စီမံကိန်းကြီးကို တာဝန်ယူအကောင်အထည်ဖော်နေကြသည့် ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဤမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြီး ပြီးစီးသွားပါက ဤဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် ကချင်ပြည်နယ်အတွက်ရော ပြည်ထောင်စုကြီးအတွက်ပါ ရေရှည်အကျိုးစီးပွားများစွာ ဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်းဖြင့် အသေးစိတ်လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် China Power Investment Corporation, Vice President Madam Zhang Xiaolu နှင့် General Manager Mr. Li Guanghua တို့အား သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်အနီး ရှုရပ်မှနေ၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာ၊ ပင်မတမံ တည်ဆောက်မည့်နေရာနှင့် ဧရာဝတီမြစ်ကြောင်း ရေစီးဆင်းမှုအခြေအနေတို့ကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝန်ကြီးများ၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ ရေဝပ်ဧရိယာအတွင်းမှ ကျေးရွာများကို စနစ်တကျ ရွှေ့ပြောင်းနေရာချပေးထားသည့် အောင်မြင်သာစံပြကျေးရွာကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ရည်မှန်းကြိုးစား

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်စ နိုင်ငံတစ်ခုဖြစ်ပြီး ယခုအခါ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်အဝန်း အလားတူ ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း၊ ထို့ကြောင့် နည်းပညာရပ်များပါဝင်သည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆောက်အအုံ၊ စက်ပစ္စည်း စသည့် ရုပ်ဝတ္ထုပစ္စည်းများသာမက အဆင့်မြင့်နည်းပညာရပ်များကိုပါ လွှဲပြောင်းရရှိရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နောင်တွင် မိမိတို့၏ ပြည်တွင်းစက်မှုထုတ်ကုန်များ၊ နိုင်ငံသား အတတ်ပညာရှင်၊ နိုင်ငံသားကျွမ်းကျင်လုပ်သားဝန်ထမ်းများဖြင့် အလားတူ စီမံကိန်းကြီးများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းကြိုးစားသွားရမည်ဖြစ်ကြောင်း။

စီမံကိန်းဒေသအတွင်း စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် ကျေးရွာများ ရွှေ့ပြောင်းတည်ထောင်ပေးရာတွင် ရေ၊ မီး အဆောက်အအုံ၊

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဧရာဝတီမြစ်ကူးတံတား တည်ဆောက်မှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရှုရပ်မှနေ၍ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဧရာဝတီမြစ်ကူးတံတားပုံစံ၊ လုပ်ငန်းခွင်ဧရိယာပြမြေပုံနှင့်တံတား ရေလယ်တိုင်များ တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ ရေဝပ်ဧရိယာအတွင်းမှ ကျေးရွာများကို စနစ်တကျ ရွှေ့ပြောင်းနေရာချပေးထားသည့် အောင်မြင်သာစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာမှ မိသားစုဝင်များအား ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်မှုအခြေအနေတို့ကို မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အောင်မြင်သာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ရောက်ရှိပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပညာသင်ကြားရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေ၊ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှု အခြေအနေတို့ကို မေးမြန်းမှာကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်မြင်သာစံပြကျေးရွာအတွင်း နေအိမ်များ၊ လမ်းများ စနစ်တကျ အကွက်ချတည်ဆောက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်မြင်သာစံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် မေခ-မလိခမြစ်ဆုံ၏ အောက်ဘက် ၄ ဒသမ ၃ မိုင်ခန့်အကွာ တန်ဖဲကျေးရွာအနီး ဧရာဝတီမြစ်ပေါ်၌ တည်ရှိပြီး ဧရာဝတီမြစ်ကို တမံပိတ်၍ ရေအားလျှပ်စစ်ထုတ်လုပ်မည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။ ကွန်ကရစ်ကျောက်ဖြည့်တမံ (CFRD)

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဧရာဝတီမြစ်ကူးတံတားပုံစံကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးအစားဖြစ်ပြီး တမံအလျား ၄၂၉၈ ပေ
ကန်ရေပြည့်ရေလှောင် ပမာဏ ၉၇ ဒသမ ၈
စက်အင်အား ၈×၇၅၀ မဂ္ဂါဝပ် = ၆၀၀၀
ထုတ်လုပ်နိုင်သည့်ဓာတ်အား ၂၉၄၀၀ သန်း

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ရေအား
ဖော်ရေးဦးစီးဌာန အေးရှားဝေါလ်ကုမ္ပဏီလီမိ
သမ္မတနိုင်ငံ CPI Yunnan Internationa
Co.,Ltd. တို့က ပူးပေါင်း၍ ၂၀၀၉ ခုနှစ် ဒီ
အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီ
ခန့် ကြာမြင့်မည်ဖြစ်သည်။ ယခုအခါ စီမံကိန်
ရာခိုင်နှုန်းပြီးစီးကာ ၂၀၁၉ ခုနှစ်တွင် စီမံကိန်
ပြီးစီးမည်ဖြစ်သည်။

အထောက်အကူပြု

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏တမံသ
ကွန်ကရစ်ကျောက်ဖြည့်တမံ (CFRD) အမျ
စက်အင်အားတစ်လုံးလျှင် ၇၅၀ မဂ္ဂါဝပ်ရှိသဖြင့်
အကြီးဆုံး စက်တပ်ဆင်အားဖြစ်သည်။ မြစ်
အထောက်အကူပြု မြစ်ဆုံဧရာဝတီမြစ်ကူးတံ
တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများအတွ
ကိုပါ အထောက်အကူပြုစေမည်ဖြစ်ကြောင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည်
ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနား
ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် ဗန်းမော်မြို့
တပ်မတော် ရဟတ်ယာဉ်များဖြင့် တာပိန်(၁)
ပေးစက်ရုံသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည်
ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့တက်
ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မိုးမောက်မြို့သို့ နံ
ရောက်ရှိသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်
မိုးမောက်မြို့တွင်း အခြေအနေများကို မော်တော်
ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည်
သို့ရောက်ရှိပြီး ဆရာဝန်နှင့် သူနာပြုများအား
ဆေးရုံအတွင်းခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်
သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်
များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည်
အထက်တန်းကျောင်း ပညာရတနာခန်းမ၌
တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆ
ပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မိုးမောက်မြို့နယ
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက နယ်မြေဒေသအ
တင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ဒေသ၏ လိ
တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်ဆည်

ကြိုးပမ်းဆောင်ရွက်ခဲ့

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က
ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေ
ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆ

အမျိုးအစားဖြစ်ပြီး တမံအလျား ၄၂၉၈ ပေ၊ တမံအမြင့် ၄၅၈ ပေ၊ ကန်ရေပြည့်ရေလှောင် ပမာဏ ၉၇ ဒသမ ၈၈ သိန်းဧကပေ၊ တပ်ဆင်စက်အင်အား ၈×၇၅၀ မဂ္ဂါဝပ် = ၆၀၀၀ မဂ္ဂါဝပ်၊ တစ်နှစ် ပျမ်းမျှ ထုတ်လုပ်နိုင်သည့်ဓာတ်အား ၂၉၄၀၀ သန်း ကီလိုဝပ်နာရီဖြစ်သည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အေးရှားဝေါလ်ကုမ္ပဏီလီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CPI Yunnan International Power Investment Co.,Ltd. တို့က ပူးပေါင်း၍ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလ ကိုးနှစ်ကျော်ခန့် ကြာမြင့်မည်ဖြစ်သည်။ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၈ ဒသမ ၅ ရာခိုင်နှုန်းပြီးစီးကာ ၂၀၁၉ ခုနှစ်တွင် စီမံကိန်းတစ်ခုလုံးရာခိုင်နှုန်းပြည့် ပြီးစီးမည်ဖြစ်သည်။

အထောက်အကူပြု

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏တမံသည် ကမ္ဘာ့ဆဋ္ဌမအမြင့်ဆုံး ကွန်ကရစ်ကျောက်ဖြည့်တမံ (CFRD) အမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားတစ်လုံးလျှင် ၇၅၀ မဂ္ဂါဝပ်ရှိသဖြင့် စက်တစ်လုံးချင်းအနေဖြင့် အကြီးဆုံး စက်တပ်ဆင်အားဖြစ်သည်။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း အထောက်အကူပြု မြစ်ဆုံဧရာဝတီမြစ်ကူးတံတားကိုပါ တစ်ပါတည်း တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကိုပါ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် ဗန်းမော်မြို့သို့ရောက်ရှိပြီး ဗန်းမော်မြို့မှ တပ်မတော် ရဟတ်ယာဉ်များဖြင့် တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မိုးမောက်မြို့သို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဦးစွာ မိုးမောက်မြို့တွင်း အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးမောက်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆရာဝန်နှင့် သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဆေးရုံအတွင်းခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားလူနာဆောင်၊ သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေတနာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း အခြေခံအဆောက်အအုံအများအပြားကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ လျှပ်စစ်ဓာတ်အား အပါအဝင် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့တပ်မတော် အစိုးရ စတင်တာဝန်ယူစဉ်ကပင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ ကချင်ပြည်နယ်အတွင်း ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်အသီးအပွင့်တစ်ခုဖြစ်သော တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူမြို့များတွင် လျှပ်စစ်မီးအလုံအလောက် ရရှိနေပြီဖြစ်ကြောင်း။

ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုများပြားခြင်း၊ အချိန်ကာလကြာမြင့်ခြင်း၊ စီမံကိန်းပမာဏကြီးမားသည်နှင့်အမျှ ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ၊ အများအပြား လိုအပ်ခြင်း စသည်တို့ကြောင့် အချိန်ကာလတစ်ရပ်အထိ စောင့်ဆိုင်းဆောင်ရွက်ခဲ့ရကြောင်း။



အောင်မြင်သာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေတနာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက နယ်မြေဒေသအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ဒေသ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်ခဲ့

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင်



ပြုစုပျိုးထောင်

လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များရရှိရေး၊ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကို သင်ကြားနိုင်ရေးတို့အတွက် အထူးဖွံ့ဖြိုးရေးဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဗန်းမော်ခရိုင်အတွင်း ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့ကို ဖွင့်လှစ်တည်ဆောက်ပေးထားပြီးဖြစ်၍ အဆင့်မြင့်ပညာရပ်များ သင်ကြားတတ်မြောက်သည်အထိ မိမိတို့၏ သားသမီးများအား ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်များကို စာပေပညာရပ်များ တတ်မြောက်ရေး၊ ကျောင်းစည်းကမ်းများ လိုက်နာရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ဖြစ်ပေါ်လာစေရေးအတွက် ပြည်သူများ၏ ကိုယ်ပိုင်ကျန်းမာရေး၊ အသိပညာမြင့်မားလာစေရေးနှင့် ကုသရေးဟူ၍ နှစ်ပိုင်းခွဲဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြည်သူများ၏ ကျန်းမာရေး အသိပညာမြင့်မားလာစေရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများ၊ ရောဂါကာကွယ်နည်းများကို ရပ်ကွက် ကျေးရွာအဆင့်ထိဆင်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဂုဏ်သိက္ခာရှိခဲ့ကြောင်း၊ မကြာမီကျင်းပတော့မည့် လွှတ်တော်အသီးသီးမှပေါ်ပေါက်လာမည့် အစိုးရအဖွဲ့သည် နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ကြတော့မည် ဖြစ်ကြောင်း၊ မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ထာဝစဉ်မှန်ကန်နေမည့် ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးမောက်မြို့မှ ရဟတ်ယာဉ်များဖြင့် ဗန်းမော်မြို့သို့ ရောက်ရှိပြီး ဗန်းမော်မြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၅ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် မေခ-မလိခ မြစ်ဆုံ၏အောက်ဘက် ၄ ဒသမ ၃ မိုင်ခန့်အကွာ တန်ဖဲကျေးရွာအနီး ဧရာဝတီမြစ်ပေါ် ၌တည်ရှိပြီး ဧရာဝတီမြစ်ကို တမံပိတ်၍ ရေအားလျှပ်စစ်ထုတ်လုပ်မည့် စီမံကိန်းကြီးတစ်ခုဖြစ်။ ကွန်ကရစ်ကျောက်ဖြည့်တမံ (CFRD) အမျိုးအစားဖြစ်ပြီး တမံအလျား ၄၂၉၈ ပေ၊ တမံအမြင့် ၄၅၈ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၉၇ ဒသမ ၈၈ သိန်းဧကပေ၊ တပ်ဆင်စက်အင်အား ၈ × ၇၅၀ မဂ္ဂါဝပ် = ၆၀၀၀ မဂ္ဂါဝပ်၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်သည့်ဓာတ်အား ၂၉၄၀၀ သန်း ကီလိုဝပ်နာရီဖြစ်။

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သာစည်မြို့နယ် ရွှေလှံကျေးရွာ၌ဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွှေလှံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်သည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဝန်ကြီး ဦးဌေးဦး၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်ဝင်းနှင့် မိတ္ထီလာခရိုင်ဥက္ကဋ္ဌ ဦးစိန်အုပ်တို့က ရွှေလှံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးပညာရေးမှူး၊ ကျောင်းအကျိုးတော်ဆောင် နာယကနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အတန်းလိုက် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရဆရာမများနှင့် ခရိုင်အဆင့် ဘောလုံးအားကစားဆုရ ကျောင်းသားတစ်ဦးတို့အား ဝန်ကြီးနှင့် ဧည့်သည်တော်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖကိုယ်စားလှယ်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ရှိ လေ့ကျင့်ပညာပေးရေးဌာန၌ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

သုံးသပ်ရှင်းပြ

ဆက်လက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ၌ ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သုံးသပ်ရှင်းလင်းတင်ပြသည်။

စက်သုံးဆီ အရောင်းဆိုင်များ၌ မီးလောင်မှုမဖြစ်ပွားစေရန် ရည်ရွယ်၍ စက်သုံးဆီ သိုလှောင်/ဖြန့်ဖြူးရောင်းချခွင့်ရရှိထားသည့် ပုဂ္ဂလိကကုမ္ပဏီများမှ သင်တန်းသားစုစုပေါင်း ၆၀ကို သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

သင်ကြားပို့ချ

ယခုသင်တန်းတွင် စက်သုံးဆီများ၏ ဂုဏ်သတ္တိများ၊ စက်သုံးဆီကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ်မကျရောက်အောင် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ စက်သုံးဆီများမီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ရန်နည်းလမ်းများ၊ အသုံးပြုရမည့် မီးသတ်ပစ္စည်းများအကြောင်းကို ပြည့်ပြည့်စုံစုံ သင်ကြားပို့ချပေးသွားမည့်အပြင် စက်သုံးဆီ သိုလှောင်ဖြည့်တင်းရာတွင် အသုံးပြုရမည့် Equipment များနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစွာ ဖြည့်တင်းသယ်ဆောင်ဖြန့်ဖြူးရာ၌ လိုက်နာဆောင်ရွက်ရမည့် အချက်များစသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည် ဖြစ်ကြောင်းနှင့် တစ်ကြိမ်လျှင် ပုဂ္ဂလိက ကုမ္ပဏီများမှ သင်တန်းသား ၆၀ ဖြင့် ယခုသင်တန်း အမှတ်စဉ်(၁/၂၀၁၁)မှစ၍ မီးဘေးကြိုတင်ကာကွယ်ရေးသင်တန်းများ ဆက်တိုက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(စွမ်းအင်)

ဖျာပုံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ဖျာပုံ ဇန်နဝါရီ ၂၄

ဖျာပုံမြို့နယ် (၁၄)ရပ်ကွက် အလင်းရောင်လမ်းရှိ အိမ်တစ်အိမ်တွင် ယနေ့ညနေ ၅နာရီခန့်က မီးဖိုမီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းရာ ဓနိမိုး ထရံကာ သုံးပင်နှစ်ခန်း အိမ်တစ်လုံးလောင်ကျွမ်းခဲ့ပြီး ခြံချင်းကပ်လျက်ရှိ သွပ်မိုး ပျဉ်ကာ ပျဉ်ခင်း သုံးပင်နှစ်ခန်း အိမ်တစ်ခြမ်းပါ ကူးစက်လောင်ကျွမ်းရာ ညနေ ၅ နာရီခွဲတွင် သန္ဓေမီးသတ်များ၊ အရန်မီးသတ်များနှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်၍ မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။ မီးလောင်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၅၅)

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

ရမ်းဗြဲ ဇန်နဝါရီ ၂၄

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသပေးခြင်းကို ဦးစွာ အလှူရှင် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက် ရန်ကုန်မြို့မှ လှူဒါန်းပေးသည့်အလှူငွေဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်ပြီး မျက်စိအထူးကုဆရာဝန်ကြီး ခုနစ်ဦးနှင့် ကျွမ်းကျင်သူနာပြု ရှစ်ဦးတို့က ဇန်နဝါရီ ၅ ရက်မှ ၈ ရက်အထိ မျက်စိဝေဒနာရှင် ၁၃၇၄ ဦးအား စစ်ဆေးခဲ့သည်။ ထို့နောက် အသေးစားခွဲစိတ်မှု ၂၀၊ အကြီးစားခွဲစိတ်မှု ၁၉၁ ဦးတို့အား အခမဲ့ခွဲစိတ်ကုသခဲ့ပြီး မျက်မှန်တပ်ဆင်ရမည့် ဝေဒနာရှင်များအား မျက်မှန်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ပျံကျဈေးသည်များကြောင့် လမ်းများပိတ်ဆို့နေ

စာတည်းခင်ဗျား-

၂၁-၆-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ၆ လမ်းနှင့် ၇ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမပေါ် ၆ လမ်းထိပ်နှင့် ၇ လမ်းထိပ်တို့တွင် ဈေးဆိုင်ခန်းများနှင့် ပျံကျဈေးသည်များကြောင့် မီးသတ်ကား ဝင်မရသည့် အခြေအနေဖြစ်နေသဖြင့် ၄င်းဈေးဆိုင်များနှင့် ပျံကျဈေးဆိုင်များကို ရှင်းလင်းပေးပါရန် ပေးစာနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရှင်းလင်းဆောင်ရွက်ပေးခဲ့ခြင်းကို သုံးလခန့်သာ လိုက်နာခဲ့ကြပြီး ယခုအခါ ယခင်ကဲ့သို့ ပြန်လည်ပိတ်ဆို့ရောင်းချနေကြရာ ပြန်လည်စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျိုက်လတ်သား

ပဲကြော်လုပ်ငန်း ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ပဲခူးမြို့နယ် ဥဿာမြို့သစ် ရပ်ကွက်ကြီး ၈ နာဂဝန် ၄ လမ်းမြေတိုင်း အမှတ်(၂၃)နယ်အတွင်းရှိ ပဲကြော်သည့်လုပ်ငန်းမှ ညှော်နံ့ကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါလုပ်ငန်းအား သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ/ရပ်ကွက်သား

ကျူးကျော်ဈေးသည်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မော်တင် ဇလမ်း အောက်လမ်းအတွင်း ပျံကျကျူးကျော်ဈေးသည်များသည် လမ်းများပိတ်ဆို့ပြီး ရောင်းချခြင်းကြောင့် လမ်းသွားလမ်းလာများ သွားလာရခက်ခဲသဖြင့် လမ်းသူ လမ်းသားများ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊လမ်းသားများ

လမ်းပေါ်ကအလုပ်ရုံကြောင့် သွားလာရန်ခက်ခဲ

စာတည်းခင်ဗျား-

မတ္တရာမြို့နယ် ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ စပါးခြွေလှေ့စက်လုပ်ငန်း အလုပ်ရုံသည် လူသွားလမ်းမကြီးပေါ်တွင် နေ့ရောညပါ အချိန်မတော်လုပ်ကိုင်ဆောင်ရွက်နေရာ လမ်းသွားလမ်းလာများ သွားလာရန်ခက်ခဲပြီး ၄င်းလုပ်ငန်းမှ တူထုသံများ၊ ဝရိန်ညှော်နံ့များ၊ စက်သံများကြောင့် ရပ်ကွက်တွင်းနေပြည်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ဖယ်ရှားရန် တင်ပြအပ်ပါသည်။

မတ္တရာသား

ဈေးသည်များ စည်းကမ်းတကျ ရောင်းချစေချင်

စာတည်းရှင်-

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက်အတွင်းရှိ အမှတ်(၂) ဈေးအတွင်း လူသွားလမ်းများပေါ်၌ ဈေးရောင်းချခြင်း၊ ဈေးပြင်ရှိ လူသွားလမ်းများပေါ်၌ ဈေးရောင်းချခြင်းတို့ကြောင့် သွားလာသူများ အခက်အခဲဖြစ်လျက်ရှိရာ ဈေးသည်များအား လူသွားလမ်းကိုချန်၍ စနစ်တကျ ရောင်းစေရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

(၈)ရပ်ကွက်သူ

ဝက်ခြံမှ အနံ့ဆိုးများ ပတ်ဝန်းကျင်မခံနိုင်

စာတည်းရှင်-

အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက် စိုက်ပျိုးရေး(၁)လမ်းရှိ နေအိမ်များတွင် ဝက်များ စီးပွားဖြစ်မွေးမြူလျက်ရှိရာ ဝက်ခြံမှအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

အမှုန့်မျိုးစုံအနံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဖြူဟ္မစိုရ်လမ်း အလယ်ရှိ အိမ်တစ်အိမ်တွင် လုပ်ကိုင်နေသော အမှုန့်ကြိတ်စက်မှ အမှုန့်မျိုးစုံ အနံ့ကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်ရပါသောကြောင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူများ

ကျန်းမာရေးနှင့်မညီသောအိမ်သာရှင်းလင်းပြီး

၂၅-၁၁-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာတည်းထံပေးစာ ကဏ္ဍတွင် ဖော်ပြပါရှိသည့် လားရှိုးမြို့ နမ့်ခိုက်နယ်မြေ(၉) ရပ်ကွက် (၁)ရှိ အကွက်နံပါတ်(၁၆၅၁)ရှေ့မျက်နှာစာ ပေ ၅၀ လမ်းပေါ် ကျူးကျော်ထားသော ကျန်းမာရေးနှင့်မညီညွတ်သော အိမ်သာကို ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ (မြို့နယ်စည်ပင်)

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက် လမ်းသွယ် (၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူးအား အပြည်ပြည်ဆိုင်ရာ သိုင်းနှင့်ဗန်တိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား အပြည်ပြည်ဆိုင်ရာ သိုင်းနှင့်ဗန်တိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Jean Roger. Calliere နှင့် Mr. Richard Morris တို့သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ့ရိုးရာ သိုင်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာသို့ ထိုးဖောက်ပြန့်ပွားရေးကိစ္စများနှင့်စပ်လျဉ်း၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဇန်နဝါရီ ၂၂ရက်က မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ အမှတ်(၃၂) အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် ပျက်ရက်မရှိသူ ဆရာမဒေါ်ခင်ထွေးဝေအား ကျောင်းအကျိုးတော်ဆောင် နာယက ဦးကိုတိုးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၃၀ ၉။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ Local Talent

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ **စက်မှုတပ်ဆင်လုပ်ငန်းတွင်**
- ၅း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဥ်
- ၅း၁၅ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၃၀ ၉။ **ကြယ်စင်ဥယျာဉ်**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ကြယ်ပွင့်များရဲ့ရင်ခုန်သံ**
- ၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ**(ဒုတိယတွဲ) (အပိုင်း-၄)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရယ်စရာဟာသများ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး နောက်ဆုံးချစ်ပုံပြင်** (ပထမပိုင်း) (အပိုင်း-၂၇)
- ၂၀။ ရုပ်ရှင်ပဟေဠိ

နိုင်ငံ့အရေး အလွယ်မတွေးစေချင်ပါနှင့် အခြားဆောင်းပါးများ ဆောင်းပါးပေါင်းချုပ်စာအုပ် ထွက်ရှိ



နေပြည်တော် ဇန်နဝါရီ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ **"နိုင်ငံ့အရေး အလွယ်မတွေးစေချင်ပါနှင့် အခြားဆောင်းပါးများ"** ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စုစည်းဖော်ပြ

အဆိုပါစာအုပ်တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ၌ ဖော်ပြပြီးဖြစ်သော ဗဟုသုတဖြစ်ဖွယ်၊ လေ့လာမှတ်သားသင်ခန်းစာယူဖွယ် ဆောင်းပါးများကို စုစည်းဖော်ပြထားသည်။

ဖော်ကျူးရေးသား

စာအုပ်တွင်မြန်မာ့လွတ်လပ်ရေးကို အသက်ပေါင်းများစွာ ပေးဆပ်ရယူခဲ့ရပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမပြိုကွဲအောင် ကြိုးပမ်းခဲ့ရပုံ၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် မပြတ်သော သတိအစဉ်ရှိစွာ ပြည်တွင်း၊ ပြည်ပ ရန်စွယ်ကို ကာကွယ်နှိမ်နင်းခဲ့ရပုံများကို ဖော်ပြထားသည်။ ထို့ပြင် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် တိုင်းရင်းသားပြည်သူများ သိရှိသင့်သည့် အချက်များ၊ မြန်မာ့သမိုင်းကိုအခြေခံ မြန်မာ့မူဟန်ကို ဖော်ညွှန်းမော်ကွန်းထိုးရမည့် မြန်မာ့ဒီမိုကရေစီ လမ်းကြောင်းပေါ် အရောက်လှမ်းခဲ့ရသည့် ကြိုးပမ်းမှုများ၊ ဘေးပြောတာကို မယုံ သွေးပြောတာကိုသာ ယုံကြစေဖို့၊ ပြည်ပက မဟုတ်မမှန်လုပ်ကြံ ထုတ်လွှင့်ချက်များသည် တကယ် တော့ လေလှိုင်းကြားက မုသာဝါဒများသာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူများ အမှန်တကယ်သိမြင်နိုင်ကြ စေဖို့၊ နယ်ချဲ့အန္တရာယ် ရန်စွယ်မှန်သမျှကို အထင်ရှား သိမြင် ဆင်ခြင်သတိထား ဖယ်ရှားနိုင်ကြစေဖို့ ဖော်ကျူးရေးသားထားသည့် ဆောင်းပါးကောင်း (၃၁)ပုဒ် ပါဝင်သည်။

ဝယ်ယူရရှိနိုင်

အဆိုပါစာအုပ်များကို နေပြည်တော် သပြေကုန်းဈေးရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်တို့၌ ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးလှဝင်း(SUN FAR)သည် ဇန်နဝါရီ ၁၆ရက် ညနေ ၄နာရီခွဲတွင် ကစားဖော်များဖြစ်သော ဗိုလ်မှူးကြီး စိန်သန်း၊ ဦးကျော်အောင်၊ Tan Soonhuat Patrick တို့နှင့်အတူ ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ်(၁၅)၌ ၁၈၅ကိုက်အကွာမှ Srixon Softfeel No.(2) ဘောလုံးကို Maruman V-Sonic Iron No.(6) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစား

အာရှဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံအီရတ် ဩစတြေးလျကို ရှုံးနိမ့်

ဒိုဟာ ဇန်နဝါရီ ၂၄

အာရှဖလားဘောလုံးပြိုင်ပွဲကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိရာ ဩစတြေးလျအသင်းက လက်ရှိချန်ပီယံ အီရတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဩစတြေးလျအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဟယ်ရီကီးဝဲလ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဂါလာတာစာရေး တိုက်စစ်မှူး ကီးဝဲလ်သည် အချိန်ပိုတွင် ယင်းဂိုးကို မတ်မက်ကေး၏ ဖြတ်တင်ဘောမှ တစ်ဆင့် သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ဩစတြေးလျအသင်းသည် အကြိုဗိုလ်လုပွဲတွင် ဥဇဘက်ကစ္စတန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

လီဗာပူးနည်းပြဒဲလ်ဂလစ် အဝေးကွင်း၌ ပထမဆုံးအောင်ပွဲခံ နိုင်ပွဲရ

လန်ဒန် ဇန်နဝါရီ ၂၄

ပရီမီယာလိဂ် ပွဲစဉ်များကို ဇန်နဝါရီ ၂၂ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သဖြင့် နည်းပြသစ် ဒဲလ်ဂလစ်အတွက် အဝေးကွင်း၌ ပထမဦးဆုံးအောင်ပွဲခံခဲ့သော ပွဲတစ်ပွဲ ဖြစ်လာခဲ့သည်။

ယင်းပွဲတွင် တောရက်စ်က နှစ်ဂိုးနှင့် ပေါလ်မီရီလက်ကတစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အဝေးကွင်း၌ လီဗာပူးတို့ ထိုက်ထိုက်တန်တန် အနိုင်ရလိုက်ခြင်းကြောင့် လီဗာပူးတို့ အမှတ်ပေးဇယားနံပါတ် ၁၀ နေရာသို့ ခုန်တက်လာသည်။

အနိုင်ပွဲ

ယင်းပွဲမှာ လီဗာပူးတို့ အောက်တိုဘာလနောက်ပိုင်း ပထမဆုံးသော အဝေးကွင်းနိုင်ပွဲလည်း ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး ရေးသားသည်

ဗီလာတိုက်စစ်မှူး ဒါရင်ဘင့် အသင်းပြောင်းမည်ဟုဆို



အက်စ်တွန်ဗီလာတိုက်စစ်မှူး ဒါရင်ဘင့်

လန်ဒန် ဇန်နဝါရီ ၂၄

အက်စ်တွန်ဗီလာတိုက်စစ်မှူး ဒါရင်ဘင့်အား ပရီမီယာလိဂ်အသင်းအချို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိရာ ဒါရင်ဘင့်ကလည်း ဗီလာမှ ထွက်ခွာလိုကြောင်း ဇန်နဝါရီ ၂၃ ရက်၌ ပြောကြားလိုက်သည်။

ပြောင်းရွှေ့

အသက် ၂၆ နှစ်အရွယ်ရှိ ဒါရင်ဘင့်သည် စပါးအသင်းက ပေါင် ၁၈ သန်းပေးမည်ဟု ကမ်းလှမ်းထားသည်။ ဒါရင်ဘင့်ကလည်း စပါးအသင်းသို့ ပြောင်းရွှေ့လိုသည့်ဆန္ဒ ရှိနေသည်။

စိတ်ဝင်စား

ဒါရင်ဘင့်သည် ဗီလာအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် မရရှိသဖြင့် အသင်းမှ ထွက်ခွာလိုသည့်ဆန္ဒ ရှိနေသည်။ အလားတူ လီဗာပူးကလည်း ဒါရင်ဘင့်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ဒါရင်ဘင့်သည် ဗီလာအသင်းတွင် ကစားစဉ် ဒဏ်ရာများရရှိခဲ့သဖြင့် ပွဲစဉ်အများအပြားနှင့် လွဲချော်ခဲ့ရသည်။ *(အင်တာနက်)*

25-1 (11).pmd 1 1/25/2011, 2:03 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
(၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၉-၂၀၁၀ပညာသင်နှစ် ရတနာပုံတက္ကသိုလ်မှကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော မြင်းခြံဒီဂရီကောလိပ်တို့မှ (ဘွဲ့)စာမေးပွဲအသီးသီးကိုအောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင် အခမ်းအနားသို့တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ (၁၄)ကြိမ်မြောက်ဘွဲ့နှင်း သဘင် အခမ်းအနားကို မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

ဘွဲ့နှင်းသဘင် ပထမနေ့(၂၉-၁-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၁၊ နံနက်ပိုင်း၊ နံနက် ၉ နာရီ

မဟာသုတေသနဘွဲ့ - သမိုင်း၊ အရှေ့တိုင်းပညာ၊ ရူပဗေဒ
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ - သမိုင်း၊ ရူပဗေဒ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ရူပဗေဒ၊ စာရင်းအင်းပညာ၊
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - သမိုင်း၊ စာရင်းအင်းပညာ၊ ရူပဗေဒ(ခုံအမှတ်၃ရပ-၁မှ ၂၂၀အထိ)

ဘွဲ့နှင်းသဘင် ပထမနေ့(၂၉-၁-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၂၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂ နာရီ

မဟာသုတေသနဘွဲ့ - ဘူမိဗေဒ
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ - နိုင်ငံတကာဆက်ဆံရေးပညာ၊ ဘူမိဗေဒ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဘူမိဗေဒ၊ အဏုဇီဝဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - နိုင်ငံတကာဆက်ဆံရေးပညာ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ၊ ရူပဗေဒ(ခုံအမှတ်၃ရပ-၂၂၁နှင့် အထက်)

ပထမနေ့(အပိုင်း-၁၊ အပိုင်း-၂)အစမ်းလေ့ကျင့်ရက်
၂၈-၁-၂၀၁၁ရက် နံနက် ၉ နာရီ

ဘွဲ့နှင်းသဘင် ဒုတိယနေ့(၃၀-၁-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၃၊ နံနက်ပိုင်း၊ နံနက် ၉ နာရီ

မဟာသုတေသနဘွဲ့ - သင်္ချာ(မဟာသု သခ-၁မှ ၉ အထိ)
မဟာသိပ္ပံဘွဲ့ - သင်္ချာ(၂မဟာသခ-၁မှ ၂၆ အထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ပထဝီဝင်၊ သင်္ချာ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - ပထဝီဝင်၊ သင်္ချာ(ခုံအမှတ်၃သခ-၁မှ ၁၆၅အထိ)၊ ဇီဝဓာတုဗေဒ(ခုံအမှတ် ၃ဇဓ-၁မှ ၁၄၁အထိ)

ဘွဲ့နှင်းသဘင် ဒုတိယနေ့(၃၀-၁-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၄၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂ နာရီ

မဟာသုတေသနဘွဲ့ - သင်္ချာ(မဟာသု သခ-၁၀နှင့် အထက်)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ - အရှေ့တိုင်းပညာ၊ သင်္ချာ(၂မဟာသခ-၂၇နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဇီဝဓာတုဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ သင်္ချာ(၃သခ-၁၆၆နှင့်အထက်)၊ ဇီဝဓာတုဗေဒ(၃ဇဓ-၁၄၂နှင့်အထက်)

ဒုတိယနေ့(အပိုင်း-၃၊ အပိုင်း-၄)အစမ်းလေ့ကျင့်ရက်
၂၈-၁-၂၀၁၁ရက် မွန်းလွဲ ၂ နာရီ

ဘွဲ့နှင်းသဘင် တတိယနေ့(၁၂-၂-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၅၊ နံနက်ပိုင်း၊ နံနက် ၉ နာရီ

မဟာသုတေသနဘွဲ့ - ဥပဒေ
မဟာဥပဒေဘွဲ့/မဟာသိပ္ပံဘွဲ့ - ဥပဒေအထူးပြု(၂မဟာ-ဥ-၁မှ ၆၂အထိ)၊ ရက္ခဗေဒ
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - စာကြည့်တိုက်နှင့် သုတပညာ၊ ရက္ခဗေဒ
ဝိဇ္ဇာဘွဲ့/ဥပဒေဘွဲ့/သိပ္ပံဘွဲ့ - စာကြည့်တိုက်နှင့် သုတပညာ၊ ဥပဒေ(၄ဥ-၁မှ ၁၂၅အထိ)၊ ရက္ခဗေဒ(ခုံအမှတ်၃ရခ-၁မှ ၁၉၇အထိ)

ဘွဲ့နှင်းသဘင် တတိယနေ့(၁၂-၂-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၆၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂ နာရီ

မဟာသုတေသနဘွဲ့ - ရက္ခဗေဒ
မဟာဥပဒေဘွဲ့ - ဥပဒေအထူးပြု(၂မဟာဥ-၆၃နှင့် အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - စိတ်ပညာ
ဝိဇ္ဇာဘွဲ့/ဥပဒေဘွဲ့/သိပ္ပံဘွဲ့ - စိတ်ပညာ၊ မြန်မာမှု၊ ဥပဒေ(ခုံအမှတ်၄ဥ-၁၂၆နှင့် အထက်)၊ ရက္ခဗေဒ(ခုံအမှတ်၃ရခ-၁၉၈မှ ၄၂၁အထိ)

တတိယနေ့(အပိုင်း-၅၊ အပိုင်း-၆)အစမ်းလေ့ကျင့်ရက်
၁၁-၂-၂၀၁၁ရက် နံနက် ၉ နာရီ

ဘွဲ့နှင်းသဘင် စတုတ္ထနေ့(၁၃-၂-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၇၊ နံနက်ပိုင်း၊ နံနက် ၉ နာရီ

မဟာသုတေသနဘွဲ့ - ဓာတုဗေဒအထူးပြု(မဟာသု-ဓ-၁မှ ၁၃အထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံ - မနုဿဗေဒ၊ ဓာတုဗေဒ(၂မဟာ-ဓ-၁မှ ၁၅အထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - မနုဿဗေဒ၊ ဓာတုဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - အင်္ဂလိပ်စာ(ခုံအမှတ် ၃အ-၁မှ ၈၄အထိ)၊ မနုဿဗေဒ၊ ဓာတုဗေဒ(ခုံအမှတ် ၃ဓ-၁မှ ၂၀၅အထိ) ရက္ခဗေဒ(ခုံအမှတ် ၃ရခ-၄၂၂နှင့် အထက်)

ဘွဲ့နှင်းသဘင် စတုတ္ထနေ့(၁၃-၂-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၈၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂ နာရီ

မဟာသုတေသနဘွဲ့ - ရှေးဟောင်းသုတေသနပညာ၊ ဓာတုဗေဒအထူးပြု (မဟာသု-ဓ-၁၄နှင့် အထက်)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ - ရှေးဟောင်းသုတေသနပညာ၊ ဓာတုဗေဒ (၂မဟာ-ဓ-၁၇နှင့် အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ - ရှေးဟောင်းသုတေသနပညာအထူးပြုအားလုံး
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - ရှေးဟောင်းသုတေသနပညာ၊ အင်္ဂလိပ်စာ(၃အ-၈၅မှ ၂၂၇အထိ)၊ ဓာတုဗေဒ(ခုံအမှတ် ၃ဓ-၂၀၆နှင့် အထက်)

စတုတ္ထနေ့(အပိုင်း-၇၊ အပိုင်း-၈)အစမ်းလေ့ကျင့်ရက်
(၁၁-၂-၂၀၁၁ရက်) မွန်းလွဲ ၂ နာရီ

ဘွဲ့နှင်းသဘင် ပဉ္စမနေ့(၂၁-၂-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၉၊ နံနက်ပိုင်း၊ နံနက် ၉ နာရီ

မဟာသုတေသနဘွဲ့ - သတ္တဗေဒ
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ - အင်္ဂလိပ်စာ(၂မဟာ-အ-၂မှ ၂၈အထိ)၊ သတ္တဗေဒ(၂မဟာသတ-၁မှ ၁၀အထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - အင်္ဂလိပ်စာ၊ ကွန်ပျူတာသိပ္ပံ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - အင်္ဂလိပ်စာ(၃အ-၂၂၈မှ ၃၈၀အထိ)၊ သတ္တဗေဒ(၃သတ-၁မှ ၂၀၇အထိ)၊ ကွန်ပျူတာသိပ္ပံ

ဘွဲ့နှင်းသဘင် ပဉ္စမနေ့(၂၁-၂-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၁၀၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂ နာရီ

မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ - အင်္ဂလိပ်စာ(၂မဟာ-အ-၂၉နှင့်အထက်)၊ သတ္တဗေဒ(၂မဟာသတ-၁၁နှင့် အထက်)
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - သတ္တဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - အင်္ဂလိပ်စာ(၃အ-၃၈၁နှင့်အထက်)၊ သတ္တဗေဒ(၃သတ-၂၀၈နှင့်အထက်)၊ ကုန်ထုတ်ဓာတုဗေဒ(၃ကဓ-၁မှ ၁၆၈အထိ)

ပဉ္စမနေ့(အပိုင်း-၉၊ အပိုင်း-၁၀)အစမ်းလေ့ကျင့်ရက်
၂၀-၂-၂၀၁၁ရက် နံနက် ၉ နာရီ

ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့(၂၃-၂-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၁၁၊ နံနက်ပိုင်း၊ နံနက် ၉ နာရီ

မဟာသုတေသနဘွဲ့ - မြန်မာစာအထူးပြုအားလုံး
မဟာဝိဇ္ဇာဘွဲ့ - မြန်မာစာအထူးပြုအားလုံး
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ၊ နျူကလိယရူပဗေဒ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - သတ္တဗေဒ(မြင်းခြံဒီဂရီကောလိပ်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - မြန်မာစာ၊ ကုန်ထုတ်ဓာတုဗေဒ(၃ကဓ-၁၆၉မှ ၃၅၇အထိ)၊ နျူကလိယရူပဗေဒ
သိပ္ပံဘွဲ့ - သတ္တဗေဒ၊ ရက္ခဗေဒ(မြင်းခြံဒီဂရီကောလိပ်)

ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့(၂၃-၂-၂၀၁၁ရက်)အစီအစဉ်
အပိုင်း-၁၂၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂ နာရီ

မဟာသိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - မြန်မာစာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ(မြင်းခြံဒီဂရီကောလိပ်)
သိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ(၃ကဓ-၃၅၈နှင့်အထက်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ(မြင်းခြံဒီဂရီကောလိပ်)

ဆဋ္ဌမနေ့(အပိုင်း-၁၁၊ အပိုင်း-၁၂)အစမ်းလေ့ကျင့်ရက်
၂၀-၂-၂၀၁၁ရက် မွန်းလွဲ ၂ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်ရုံငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် တက်ရောက်လက်မှတ်နှင့် ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ရတနာပုံတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်သည်။

ဘွဲ့နှင်းသဘင်ကျင်းပရက်	ဘွဲ့ဝတ်ရုံငှားရမ်းခွင့်ထောက်ခံစာများ တက်ရောက်ခွင့်ပြုလက်မှတ်နှင့် ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက်
၂၉-၁-၂၀၁၁ရက်	၂၆-၁-၂၀၁၁ရက်
၃၀-၁-၂၀၁၁ရက်	၂၇-၁-၂၀၁၁ရက်
၁၂-၂-၂၀၁၁ရက်	၉-၂-၂၀၁၁ရက်
၁၃-၂-၂၀၁၁ရက်	၁၀-၂-၂၀၁၁ရက်
၂၁-၂-၂၀၁၁ရက်	၁၈-၂-၂၀၁၁ရက်
၂၃-၂-၂၀၁၁ရက်	၁၉-၂-၂၀၁၁ရက်

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

အေးကျော်
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရတနာပုံတက္ကသိုလ်။

မော်လမြိုင်တက္ကသိုလ်
(၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ် ကြေညာချက်

မော်လမြိုင်တက္ကသိုလ်မှ အောက်ဖော်ပြပါသင်တန်းနှစ်အသီးသီးအတွက် (ဘွဲ့)စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီး မော်လမြိုင်တက္ကသိုလ်၏ (၁၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မော်လမြိုင်တက္ကသိုလ်၊ ပင်မဆောင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

၁။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) (၂၀၀၆ အောင်)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲ စာမေးပွဲအပါအဝင်)

၂။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၅ အောင်) စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ။

၃။ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဥပဒေ(ဘွဲ့) (၂၀၀၅ အောင်)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲ စာမေးပွဲအပါအဝင်)

၄။ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ၂၀၁၀ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) (၂၀၀၃အောင်)နှင့် မဟာဥပဒေ(ဘွဲ့) (၂၀၀၂အောင်) စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲစာမေးပွဲအပါအဝင်)

၅။ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် မဟာသုတေသန(ဘွဲ့) အောင်မြင်ပြီးသူများ။

(က) ဘွဲ့နှင်းသဘင် ပထမနေ့ ၁၇-၂-၂၀၁၁ရက်နေ့
နံနက်ပိုင်းအစီအစဉ်၊ နံနက် ၉း၀၀ နာရီ

မဟာသုတေသနဘွဲ့ (အထူးပြုများအားလုံး)
မဟာဥပဒေဘွဲ့(၂၀၀၂အောင်) (ဥပဒေပညာအထူးပြု)
မဟာဝိဇ္ဇာ၊ သိပ္ပံဘွဲ့(၂၀၀၃အောင်) (အထူးပြုများအားလုံး)
ဂုဏ်ထူးတန်းဘွဲ့ (၂၀၀၅ အောင်) (အထူးပြုများအားလုံး)
ဥပဒေဘွဲ့ (၂၀၀၅ အောင်) (ဥပဒေပညာအထူးပြု)
ဝိဇ္ဇာဘွဲ့ (၂၀၀၆ အောင်) (စိတ်ပညာအထူးပြု)
သိပ္ပံဘွဲ့ (၂၀၀၆ အောင်) (အဏ္ဏဝါသိပ္ပံ အထူးပြု)

(ခ) ဘွဲ့နှင်းသဘင် ပထမနေ့ ၁၇-၂-၂၀၁၁ ရက်နေ့
မွန်းလွဲပိုင်းအစီအစဉ်၊ မွန်းလွဲ ၃း၀၀ နာရီ

သိပ္ပံဘွဲ့ (၂၀၀၆အောင်) (ဓာတုဗေဒအထူးပြု)
သိပ္ပံဘွဲ့ (၂၀၀၆အောင်) (သတ္တဗေဒအထူးပြု)

(ဂ) ဘွဲ့နှင်းသဘင် ဒုတိယနေ့ ၁၈-၂-၂၀၁၁ရက်နေ့
နံနက်ပိုင်းအစီအစဉ်၊ နံနက် ၉း၀၀ နာရီ

သိပ္ပံဘွဲ့(၂၀၀၆အောင်) (ရူပဗေဒ၊ရက္ခဗေဒ)အထူးပြုများ

(ဃ) ဘွဲ့နှင်းသဘင် ဒုတိယနေ့ ၁၈-၂-၂၀၁၁ ရက်နေ့
မွန်းလွဲပိုင်းအစီအစဉ်၊ မွန်းလွဲ ၃း၀၀ နာရီ

ဝိဇ္ဇာဘွဲ့ (၂၀၀၆ အောင်)၊ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ)အထူးပြုများ
သိပ္ပံဘွဲ့(၂၀၀၆အောင်)၊ (ဘူမိဗေဒ၊ စာရင်းအင်းပညာ၊ ဇီဝဓာတု၊ အဏုဇီဝ) အထူးပြုများ၊

(င) ဘွဲ့နှင်းသဘင် တတိယနေ့ ၁၉-၂-၂၀၁၁ရက်နေ့
နံနက်ပိုင်းအစီအစဉ်၊ နံနက် ၉း၀၀ နာရီ

ဝိဇ္ဇာဘွဲ့ (၂၀၀၆ အောင်) (ပထဝီဝင်အထူးပြု)
သိပ္ပံဘွဲ့ (၂၀၀၆ အောင်) (သင်္ချာအထူးပြု)

ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် အစမ်းလေ့ကျင့်မည့်အစီအစဉ်

စဉ်	ဘွဲ့တက်ရောက်ယူရမည့်ရက်	အစမ်းလေ့ကျင့်မည့်ရက်၊ အချိန်
၁။	ဘွဲ့နှင်းသဘင်ပထမနေ့ ၁၇-၂-၂၀၁၁ရက်၊ နံနက်ပိုင်းဘွဲ့ယူမည့်သူများ	၁၅-၂-၂၀၁၁ရက် နံနက် ၉း၀၀ နာရီ
၂။	ဘွဲ့နှင်းသဘင်ပထမနေ့ ၁၇-၂-၂၀၁၁ရက်၊ မွန်းလွဲပိုင်းဘွဲ့ယူမည့်သူများ	၁၅-၂-၂၀၁၁ရက် နံနက် ၉း၀၀ နာရီ
၃။	ဘွဲ့နှင်းသဘင်ဒုတိယနေ့ ၁၈-၂-၂၀၁၁ရက်၊ နံနက်ပိုင်းဘွဲ့ယူမည့်သူများ	၁၅-၂-၂၀၁၁ရက် မွန်းလွဲ ၁း၀၀နာရီ
၄။	ဘွဲ့နှင်းသဘင်ဒုတိယနေ့ ၁၈-၂-၂၀၁၁ရက်၊ မွန်းလွဲပိုင်းဘွဲ့ယူမည့်သူများ	၁၅-၂-၂၀၁၁ရက် မွန်းလွဲ ၁း၀၀နာရီ
၅။	ဘွဲ့နှင်းသဘင်တတိယနေ့ ၁၉-၂-၂၀၁၁ရက်၊ နံနက်ပိုင်းဘွဲ့ယူမည့်သူများ	၁၅-၂-၂၀၁၁ရက် မွန်းလွဲ ၁း၀၀နာရီ

၁။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားကို မပျက်မကွက် တက်ရောက်ကြရမည်။

၂။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(ကျား)တို့မှ ကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။
(မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများကို ၁၃-၂-၂၀၁၁ရက်မှစ၍ မော်လမြိုင်တက္ကသိုလ်တွင် ထုတ်ပေးပါမည်။ အသေးစိတ် အချက်အလက်များကို မော်လမြိုင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
မော်လမြိုင်တက္ကသိုလ်။

ရောင်းမည်

လက်ရှိလုပ်ကိုင်လည်ပတ်နေသော ဓာတ်ပုံလုပ်ငန်းကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းမည်။

ဖုန်း-၀၉-၅၁၄၇၃၇၈။



ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၇၃၇၄ ဆိုင် ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညို စိမ်း ၁၀/ကထန(နိုင်)၀၁၃၅၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊
သထုံ။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ် ၄၂၁၊ မြေကွက်တည်နေရာအမှတ် ၄၂၁၊ မိုးမခလမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဦးသန်းလွင် အမည်ပေါက် နှစ် ၆၀ ရန်မြေအား အမည်ပေါက် ဦးသန်းလွင်ကွယ်လွန်သဖြင့် ဒေါ်စောကြည် ၁၂/တမန(နိုင်)၀၃၃၀၃၆ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃B၊ မြေကွက်အမှတ် ၄၃၈ N/၉A၊ မြေကွက်တည်နေရာအမှတ် ၄၆(F)၊ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေ မြို့နယ်၊ ဦးဘိုရဲအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးဘိုရဲ ကွယ်လွန်သဖြင့်ဒေါ်ရီလာထွန်း(ခ)ဒေါ်ခင် ဘုန်းဆွေ ၁၂/တမန(နိုင်)၀၃၆၃၃၂က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂၆ A၊ မြေကွက်အမှတ် V၅၄၀၊ မြေကွက်တည်နေရာအမှတ် (၁၃)၊ ကျိတ်တန်းလမ်း၊ ကြည့်မြင်တိုင် မြို့နယ်ဦးဆာမိ(ခ)ချွာစန်းဘီး(ခ)ချွာဆာမိ အမည်ပေါက်နှစ် ၆၀ ရန်မြေအား အမည် ပေါက် ဖခင် ဦးဆာမိ(ခ)ချွာစန်းဘီး(ခ) ချွာဆာမိနှင့် မိခင်ဒေါ်တန်ရှုဟောင်(ခ) တန်ဟောင်အာ ကွယ်လွန်သဖြင့် (၁)ဒေါ်မြ မြဝင်း ၁၂/ကမတ (နိုင်) ၀၄၅၃၈၆၊ (၂) ချွာယုတ်လိမ်း(ခ)မောင်မောင်လေး ၁၂/ကမတ(နိုင်)၀၄၅၃၈၇၊ (၃) ဒေါ်စန်း စန်းဝင်း(ခ)ချွာယုတ်ထော် ၁၂/ကမတ (နိုင်)၀၄၅၃၉၂၊ (၄) ဦးချွာရှော့ဟော့ ၁၂/လသန(နိုင်)၀၀၅၅၁၆၊ (၅) ဦးမြင့်သိန်း ၁၂/လသန(နိုင်)၀၀၅၅၀၃၊ (၆) ဒေါ်အေး အေးဝင်း ၁၂/လသန(နိုင်)၀၀၅၈၉၆၊ (၇) ဦးကျော်စိန်၁၂/ကမတ(နိုင်)၀၅၆၁၁၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အကယ်ဒမီညချမ်း၌ တွေ့မြင်ခံစားခဲ့ရသော အနုပညာမျိုးဆက်များ မြင်ကွင်းပုံရိပ်

အကယ်ဒမီသတင်းမြင်ကွင်း – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–အောင်ထွန်းနိုင် (ပြည်မြန်မာ)နှင့် တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၄

အနုပညာ နှလုံးသားရင်ပြင်မှာ အကယ်ဒမီအက္ခရာတင်ခဲ့တဲ့ ညချမ်းက ငွေကြယ်ပွင့်တို့ရဲ့ မြင်ကွင်းပုံရိပ်တွေကို ပွဲပြီးခဲ့ပေမယ့် တွေ့မြင်ခံစားနေရဆဲပါပဲ။

ရုပ်ရှင်အကယ်ဒမီဆုနဲ့ပတ်သက်တဲ့ ရင်လှိုင်းခတ်သံတွေဟာ သံစဉ်တေးသွားတစ်ခုလို တစ်နှစ်ပြီးတစ်နှစ် ငြိမ့်ညောင်းသာယာစွာနဲ့ အနုပညာရှင်တွေ၊ ပရိသတ်တွေရဲ့ရင်ထဲမှာ ခံစားမှုအသစ်တွေအဖြစ် နောင်နှစ်ပေါင်းများစွာတိုင် ရင်ခုန်စီးမျောနေဦးမှာပဲ ဖြစ်ပါတယ်။ *စာမျက်နှာ ၆ ကော်လံ ၁* ❍

ရှိုးရာတိုင်းရင်းသူ ဝတ်စုံနဲ့ လှပနေတဲ့ လူငယ်မျိုးဆက်သစ် သရုပ်ဆောင် ခင်လေးနွယ်ကိုလည်း ကျက်သရေရှိစွာ ချစ်စဖွယ် ဤသို့ တွေ့ရပြန်ပါတယ်။

အားရဝမ်းသာ

ဝါရင့်ဒါရိုက်တာ ပန်းချီ စိုးမိုးကလည်း နေတိုး အကယ်ဒမီရရှိမှုကို ဤသို့ ဂုဏ်ပြုသလို ခေတ်ပြိုင် သရုပ်ဆောင် ထွန်းထွန်းကလည်း အားရဝမ်းသာ အားပေးခဲ့ပါတယ်။

ထူးခြားသည့် ညအပူချိန်များ

၂၄-၁-၂၀၁၁

ပင်လောင်းမြို့

၁ ဒီဂရီစင်တီဂရိတ်

ဟဲဟိုးမြို့

၁ ဒီဂရီစင်တီဂရိတ်

နမ့်စန်မြို့

၂ ဒီဂရီစင်တီဂရိတ်

လွိုင်လင်မြို့

၂ ဒီဂရီစင်တီဂရိတ်

လားရှိုးမြို့

၃ ဒီဂရီစင်တီဂရိတ်

မိုးရွာသွန်းမှု

၂၄-၁-၂၀၁၁

ကော့သောင်းမြို့

၀ ဒသမ ၅၉ လက်မ

25-1 (20).pmd 1 1/25/2011, 2:03 AM